ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (12-4-2007) (၅၂၉၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မြစ်သားမြို့နယ် ဒီဂျစ်တယ်အော်တိုတယ်လီဖုန်းအိတ်ချိန်းသစ်ဖွင့်ပွဲ တက်ရောက်
အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်မှုလွယ်ကူရေး၊ ရာသီမရွေးဆက်သွယ်နိုင်စေရေး ဝိုင်းဝန်းကြိုးပမ်းရန်မှာကြား

နေပြည်တော် ဧပြီ ၁၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၂) တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်လှိုင်နှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဝင်များ လိုက်ပါလျက် မတ် ၂၃ ရက် နံနက် ၉ နာရီခွဲက ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ဒီဂျစ်တယ်အော်တိုတယ်လီဖုန်းအိတ်ချိန်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူလူထုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား အစီအစဉ်အရ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်း လက်ထောက်အထွေထွေမန်နေဂျာ ဦးကူဒ္ဒိလှတို့က ဒီဂျစ်တယ် အော်တိုတယ်လီဖုန်း အိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း စက်ခလုတ်ခုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်း လက်ထောက်အထွေထွေမန်နေဂျာ ဦးကူဒ္ဒိလှက အော်တိုတယ်လီဖုန်းအိတ်ချိန်းသစ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြပြီး ဒေသခံ ပြည်သူလူထုကိုယ်စား မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးအောင်ကြည်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်း လက်ထောက်အထွေထွေမန်နေဂျာ ဦးကူဒ္ဒိလှက ဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ဒီဂျစ်တယ်အော်တိုတယ်လီဖုန်းစက်ခလုတ်ခုံအတွင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့❒

ရောဝတီတိုင်း ဆရာဝန်များ ဆေးပညာနှီးနှောဖလှယ်ပွဲနှင့် ဆေးပစ္စည်းပြပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပုသိမ်)အသင်းခွဲမှ ကြီးမှူးကျင်းပသော (၆)ကြိမ်မြောက် ဧရာဝတီတိုင်း ဆရာဝန်များ ဆေးပညာနှီးနှောဖလှယ်ပွဲနှင့် ဆေးပစ္စည်းပြပွဲဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပုသိမ်)အသင်းရုံး၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်)ဥက္ကဋ္ဌ ဒေါက်တာကြည်ဖေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်) ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် (၆)ကြိမ်မြောက် ဧရာဝတီတိုင်း ဆရာဝန်များ ဆေးပညာနှီးနှောဖလှယ်ပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၂–၄–၂၀၀၇
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပျော်ရွှင်ကြည်နူး မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကို ကြိုဆို

တန်ခူးလသည် မြန်မာ့နှစ်သစ်နှစ်ဦးအစ ပထမလဖြစ်သည်။ တန်ခူးလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီပွဲတော်များ ရှိသည့်အနက် တန်ခူးလတွင် ကျင်းပသော နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ရက်အရှည်ကြာဆုံး၊ အစည်ကားဆုံးနှင့် ပျော်ရွှင်ဖွယ် အကောင်းဆုံး ဖြစ်သည်။

တန်ခူးလ အချိန်အခါသမယသည် ရာသီပန်းတို့၏အလှများ ပေါင်းဆုံလွှမ်းခြုံလျက်ရှိသည်။ မိုးလေကင်းစင်ပြီး နေမင်းသည် အပူရှိန် ပြင်းစွာထွန်းလင်းတောက်ပလျက်ရှိရာ လူတိုင်းအလိုရှိဆုံး၊ အတောင့်တဆုံးအရာမှာ ရေပင်ဖြစ်သည်။

နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် တစ်ဦးကိုတစ်ဦး အေးမြသောရေဖြင့် သွန်းလောင်းပက်ဖျန်း၍ ပျော်ရွှင်စွာ ရေကစားကြသည်။ ရေစင်သွန်းလောင်းကစားခြင်းသည် အပူရှိန်မှသက်သာစေသည်သာမက ပျော်ရွှင်ဝမ်းမြောက်ကြပါစေ၊ အေးမြကြပါစေဟူသည့် ရည်ရွယ်မှု အကြောင်းတရားများလည်း ပါဝင်သည်။

ထို့အပြင် ရေသည် အညစ်အကြေးဟူသမျှကို သန့်ရှင်းစင်ကြယ်စေသည်ဖြစ်ရာ သင်္ကြန်ရေဖြင့် ပက်ဖျန်းကစားကြသူတိုင်း နှစ်ဟောင်းမှ ဘေးဥပဒ်အန္တရာယ်များ ကင်းရှင်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး သန့်ရှင်းစင်ကြယ်ပါစေကြောင်း စေတနာစိတ်ထားကောင်းဖြင့် ရည်ရွယ်သွန်းလောင်းကြခြင်းဖြစ်သည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်သည် ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်များ လွှမ်းခြုံလျက်ရှိသည်။ သင်္ကြန်ပွဲတော်ဆိုင်ရာ ကောင်းမြတ်သော ရိုးရာအစဉ်အလာများကို အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည်။ သင်္ကြန်အကြိုနေ့မှသည် သင်္ကြန်အတက်နေ့အထိ သင်္ကြန်ကာလအတွင်း ပြည်သူအားလုံး ပျော်ရွှင်စွာ ရေကစားကြမည်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပြည်သူတစ်ရပ်လုံး အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ ရေသဘင်ပွဲဆင်နွှဲနိုင်ကြပါစေ၊ သင်္ကြန်ရေနှင့်အတူ သန့်စင်ကြည်လင် အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ကို ကြိုဆိုလိုက်ပါသည်။ ။

သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဒုလ္လဘရဟန်းခံရှင်ပြုပွဲနှင့် သီလရှင်ဝတ်အလှူပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၁

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ် စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုပွဲနှင့် သီလရှင်ပြုအလှူပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်၍ သံဃာတော်များအား သိမ်ဆင်းလောင်းလှူ၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နေပြည်တော် သပြေအေးမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်မှ သံဃာတော်များ၊ ရန်ကုန်မြို့ မဟာသိပ္ပံပရိယတ္တိ စာသင်တိုက် နာယကဆရာတော်၊ ရန်ကုန်မြို့ ကျိုက္ကစံပထမ ရွှေကျင်ကျောင်းတိုက် နာယကဆရာတော်၊ ရန်ကုန်မြို့ ဓမ္မမေဒိနီပရိယတ္တိ စာသင်တိုက် နာယကဆရာတော်၊ တပ်ကုန်းမြို့ ကျောင်းသစ်ကျောင်းတိုက် နာယကဆရာတော်၊ တပ်ကုန်းမြို့ပဏ္ဍိတာရာမကျောင်းတိုက် နာယက ဆရာတော်၊ ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် နာယက ဆရာတော်နှင့် သံဃာတော်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဒုလ္လဘရဟန်း ၃၇ပါး၊ သာမဏေကိုးပါး၊ သီလရှင် ၁၅ပါးတို့ ကြွရောက်တော်မူကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ အလှူတော် မင်္ဂလာ အခမ်းအနားကို ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် နေပြည်တော် သပြေအေး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်ပဓာနနာယကဆရာတော် ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဦးဂန္ဓမာလာထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်သရဇ္ဈာယ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းတို့က နေပြည်တော် သပြေအေး ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေ ကျပ်တစ်သိန်းကို ဆက်ကပ်လှူဒါန်း၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် သပြေအေး ဓမ္မရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော်များက အနုမောဒနာတရားချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အလှူတော်မင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

နှစ်ဆန်းတစ်ရက်နေ့ သွေးလှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁၁

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၂ ရက် (ဧပြီ ၁၇ရက်) မြန်မာနှစ်သစ်ကူး (နှစ်ဆန်းတစ်ရက်နေ့)တွင် စေတနာသွေးလှူရှင်များ ကုသိုလ်ယူ သွေးလှူဒါန်းနိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာန (ဗဟိုအမျိုးသားသွေးလှူဘဏ်)ကို နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

နွေရာသီ ကွန်ပျူတာသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် International Language and Business Center (I.L.B.C) တို့ ပူးပေါင်းဖွင့်လှစ်သော လူငယ်များ ဉာဏဖွံ့ဖြိုးရေး နွေရာသီကွန်ပျူတာ သင်တန်းဖွင့်ပွဲကို ဧပြီ ၁၀ ရက် နံနက် ၇ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရှိ I.L.B.C အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လူငယ်များဉာဏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် I.L.B.C မှ ငွေကျပ်ငါးသိန်း၊ ဒဂုံ(အရှေ့)စက်မှုဇုန်၊ သာကေတစက်မှုဇုန်နှင့် ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန်တို့က ငွေကျပ် သုံးသိန်းစီ တို့ကို လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံသည်။**(အောက်ပုံ)**

ယင်းနောက် I.L.B.C ကျောင်းအုပ် ဦးတင်မောင်ဝင်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို ယနေ့မှ မေ ၁၀ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၁၀၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဗိုလ်အုန်းသီး ဦးချစ်–ဒေါ်နှင်းရွှေ(မိုးညှင်းယောဂီ)တို့အား ရည်စူး၍ ဦးစိန်လှ–ဒေါ်မြမြအေး မိသားစုတို့က ငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်ဌေးထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ အလုံမြို့နယ် ကွင်းကျောင်းလမ်းနေ မိခင်ကြီး ဒေါ်ညွန့်အားအမှူးထား၍ ဦးတင်ကိုလတ်–ဒေါ်နွဲ့နွဲ့စိန်နှင့် သားများဖြစ်သော ရဲသီဟကို၊ ရန်အောင်ထက်ကို၊ ဝေယံဟိန်းကို မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာမဟာဗောဓိသိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ဆောက်လုပ်ရန်အတွက် စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက် ဈေးလမ်းနေ ကွယ်လွန်သူမိဘ နှစ်ပါးဖြစ်သော ဦးပွင့်ကြီး–ဒေါ်ချစ်စုအားရည်စူး၍ သားသမီးများဖြစ်ကြသော ဦးကြည်အောင်၊ ဦးထွန်းရှိန်၊ ဒေါ်အေးညွန့် မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို နာယကအကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ (ဗုဒ္ဓဂယာ ဆရာတော်) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဗုဒ္ဓဂယာမြန်မာကျောင်း ပဓာနနာယက ဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကျိုက္ကဆံ သီတဂူအာယုဒါနသဘင်

ရန်ကုန် ဧပြီ ၁၁

ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အရှေ့ဈေးဟောင်းလမ်း ဝါတွင်းဝါပဆွမ်းလောင်းအသင်းမှကြီးမှူး၍ စစ်ကိုင်းတောင်ရိုး သီတဂူအာယုဒါနဆေးရုံအတွက် အာယုဒါန ဆေးအလှူတော်မင်္ဂလာသဘင်ကို ၁၃၆၉ ခု ကဆုန်လဆန်း ၈ရက် (ဧပြီ ၂၃ရက်) (တနင်္လာနေ့) ည ၇နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံအားကစားကွင်း(ဂိတ်အမှတ်၉)၌ ကျင်းပမည်ဖြစ်ပြီး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ကအနုမောဒနာတရား ဟောကြားမည်။ သီတဂူအာယုဒါန ဆေးအလှူအတွက် ပါဝင်လှူဒါန်းလိုပါက ဖုန်း-၅၄၀၂၂၆၊ ၀၉၅၁၁၅၀၂၈၊ ၀၉၅၁၃၀၆၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကိုးမိုင် မဟာစည်တရားစခန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၁

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် သတိပဋ္ဌာန်ဝိပဿနာအခြေခံ ရှုမှတ်နည်းရစေရန်နှင့် အခြေခံရသူများ ပါရမီရင့်သန်စေရန် နှစ်စဉ်ကျင်းပသော နွေရာသီသင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းကို ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၉ရက်(ဧပြီ ၁၀ရက်)(အင်္ဂါနေ့)မှ စတင်၍ ၁၃၆၈ခုနှစ် နှစ်ဆန်း ၁ရက် (ဧပြီ ၁၇ရက်)(အင်္ဂါနေ့)အထိ ကျင်းပလျက်ရှိသည်။ **(အပေါ်ပုံ)**

ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဓဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကိုယ်တိုင် ဝိပဿနာအလုပ်ပေးတရားကို နေ့စဉ်ဟောကြားပြသမည်။ ထို့အပြင် ကိုးမိုင် မဟာစည်ဟိတေသီအဖွဲ့ အမှုဆောင်များသည် ယောဂီများ၏ ကျန်းမာရေး၊ စားသောက်နေထိုင်ရာတွင် ချမ်းမြေ့ရွှင်လန်းစွာ တရားကျင့်ကြံအားထုတ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (က-ပ)

အရှင်သဇ္ဇန(နတ်မောက်) ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၁

နယ်လှည့်ဝိပဿနာတရားပြဓမ္မကထိက အရှင်သဇ္ဇန (နတ်မောက်) အရှင်သူမြတ်သည် ဧပြီ၁၁ရက်မှ ၁၇ရက်အထိ ရွှေတိဂုံတောင်ဘက်မုခ် ရွှေကျင်ဓမ္မာရုံ သင်္ကြန်အထူးတရားစခန်းပွဲ၊ ဧပြီ ၂၀ရက်မှ ၂၆ရက်အထိ ကော့မှူးမြို့နယ် ဝါးသိမ်ကျေးရွာ နှစ်ဦးတရားစခန်းပွဲတွင်လည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားတော်များ ဟောကြားပြသမည်ဟု သိရသည်။ (က-ပ)

အဘိဓမ္မာ၊ ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ်သင်တန်း

ရန်ကုန် ဧပြီ ၁၁

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ဩဝါဒဖြင့် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် ပုံမှန်သင်တန်းများကို ဧပြီ ၂၁ရက်(စနေနေ့)မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

လယ်တီ ဝိပဿနာသင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ဝဇိရကျောင်းတော်ပြေဘုရားအနီး လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျေးဇူးတော်ရှင်ပထမ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တနန္ဒာစာရ (ဓမ္မာစရိယ၊ လယ်တီ ဝိပဿနာ ကမ္မဋ္ဌာနာစရိယ)ဆရာတော်က တန်ခူးလပြည့်ကျော်၁၃ရက်မှ ကဆုန်လဆန်း ၅ရက်အထိ (ဧပြီ၁၄ရက်မှ ဧပြီ၂၀ရက်အထိ) ခုနစ်ရက် တရားတော်များ ဟောကြားပေးမည်ဖြစ်ရာ စခန်းဝင် တရားအားထုတ်လိုသူများ တန်ခူးလပြည့်ကျော် ၁၂ရက် (ဧပြီ ၁၃ရက်) ညနေ ၅နာရီအရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပုသိမ်အသင်း (ရန်ကုန်)က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါးအား ဂုဏ်ပြုလွှာနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၁

ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်းမှ ဆရာတော်ကြီးများဖြစ်ကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩသဓာဘိဝံသ ပုဏ္ဏာမာရာမဈေး ကျောင်းတိုက် ညောင်တုန်းမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တခေမိန္ဒ ပစ္ဆိမာရုံကျောင်းတိုက် ပုသိမ်မြို့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဝေဠုဝန် ပရိယတ္တိစာသင်တိုက် ကျုံပျော်မြို့၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောဘိတ မရမ်းချိုကျောင်းပရိယတ္တိစာသင်တိုက် ပုသိမ်မြို့၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုမာရ ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက် ငပုတောမြို့တို့မှ ဆရာတော်ကြီးငါးပါးနှင့် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဘွဲ့ရ ဒေါ်ကြည်ကြည်ဆွေ၊ သီရိသုဓမ္မသင်္ဂီဘွဲ့ရ ဒေါ်ကျင်သိန်း၊ ရာသက်ပန်အသင်းဝင်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့်အတွက် ပုသိမ်အသင်း(ရန်ကုန်)က ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ အမှတ်(၂၁/၄၃)စီ ဧရာဝတီတိုင်းဓမ္မာရုံ၌ ဧပြီ ၁ရက် နံနက် ၉နာရီတွင် ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ပုသိမ်အသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားသည်။

လျှောက်ထား

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ပုသိမ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ သီရိသုဓမ္မဇောတိ ဓဇ ဦးစိုးဟန်လင်းက ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ရခြင်း အကြောင်း လျှောက်ထားသည်။

သီဆိုပူဇော်

ယင်းနောက် နိုင်ငံကျော် အဆိုတော် ဒေါ်စိမ်းမို့မို့က မင်္ဂလာရတုပိုဒ်စုံနှင့် ရှစ်ဆယ်ပေါ်တေးထပ်တို့ဖြင့် သီဆိုပူဇော်၍ ဆရာတော်ကြီးများအား ဂုဏ်ပြုလွှာနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်ကြပြီး ဥပါသိကာမနှစ်ဦးအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ရုပ်သိမ်း

ယင်းနောက် ပုသိမ်မြို့ ပစ္ဆိမာရုံစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို မတ် ၉ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် အမှတ်(၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က နယ်လှည့်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။
(မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးခင်မောင်အေး ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန
(ခ)	ဦးမြင့်ရွှေ ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၀၇ (ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ အနှိုင်းမဲ့မှအနှိုင်းမဲ့သို့ တရားတော် (အပိုင်း-၂) (ဆရာတော် အရှင်ဆန္ဒာဓိက)
- ၇း၅၅ ယနေ့သိပ္ပံနှင့် နည်းပညာ
- ၈း၁၀ ခါသင်္ကြန်အဆိုအက
- ၈း၁၅ ကြယ်ပွင့်များနှင့် စကားလက်ဆုံ (ညီသစ်ထူးနှင့်တွေ့ဆုံခြင်း)
- ၈း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၈း၅၀ MRTV-4 ကျန်းမာရေးကဏ္ဍ [သင်္ကြန်တွင်းတွင်ဖြစ်ပွားတတ်သောနား၊နှာခေါင်း၊ လည်ချောင်းဆိုင်ရာဆောင်ရန်၊ ရှောင်ရန်များ (ပါမောက္ခ ဒေါက်တာသိန်းထွန်း)နှင့် တွေ့ဆုံခြင်း]
- ၉း၀၅ ခါသင်္ကြန်အဆိုအက
- ၉း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၂၅ ပြည်တွင်းအနုပညာရေးရာ
- ၉း၅၅ ခါသင်္ကြန်အဆိုအက
- ၁၀း၀၅ ကျီးသဲမြို့မှ စည်းလုံးချည်
- ၁၀း၁၅ ခါသင်္ကြန်အဆိုအက
- ၁၀း၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၃၀ ခေတ်အဆက်ဆက်စီးဆင်း အတာသင်္ကြန်သီချင်း
- ၁၁း၁၀ ခါသင်္ကြန်အဆိုအက
- ၁၁း၁၅ မှိုအသားမျှင်တစ်သျှူး မျိုးပွားနည်း
- ၁၁း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၄၅ သတိပြုဆင်ခြင်ဖွယ် ယာဉ်အန္တရာယ်
- ၁၁း၅၅ ခါသင်္ကြန်အဆိုအက
- ၁၂း၀၀ Fashion Guide (Nail Art) ကျန်းမာလှပ လက်ချောင်းအလှ
- ၁၂း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၂၀ ခါသင်္ကြန်အဆိုအက
- ၁၂း၂၅ အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက်ရင်းနှီးစို့
- ၁၂း၄၀ ခါသင်္ကြန်အဆိုအက
- ၁၂း၅၀ ကရာတေးဒိုအားကစား
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းဆောင်သစ် အလှူငွေပေးအပ်ပွဲ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းဆောင်သစ်အလှူငွေပေးအပ်ပွဲကို မတ် ၃၁ရက် ညနေ ၆နာရီတွင် ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဟန်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်အတွက် ကျေးရွာပြည်သူများလှူဒါန်းသည့် အလှူငွေ ကျပ်သိန်း၄၀ကို ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဟန်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်ထံ ပေးအပ်လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများ လှူဒါန်းငွေကျပ် သိန်း၃၀ကို ကျောင်းအကျိုးတော်ဆောင် ဦးသိန်းကျော်က ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလေးသွယ်အား လှူဒါန်းကာ အလှူရှင်အသီးသီးက လှူဒါန်းငွေများကို ဆက်လက်လှူဒါန်းကြသည်။

ယင်းနောက် မြတ်ဆရာ၂၀တို့အား ကျောင်းသူ၊ ကျောင်းသားဟောင်းများက ပူဇော်ကန်တော့ပြီး ကန်တော့ခံ ဆရာများကိုယ်စား ဦးသိန်းရွှေမြင့်(လယ်/အုပ် အငြိမ်းစား) နှင့် အခြေခံပညာ(၃) ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်တို့က ဆုံးမဩဝါဒစကားများပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းကြောင်းသိရသည်။ (သတင်းစဉ်)

နယူးဒေလီလေဆိပ်တွင် အရေးပေါ် ဆင်းသက်ခဲ့ရသော အိန္ဒိယလေကြောင်းလိုင်းမှလေယာဉ်တစ်စင်းကို ဧပြီ ၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မဲခေါင်ဒေသခွဲနိုင်ငံများ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကမ္ဘာ့ဘဏ်က ကူညီဖြည့်ဆည်းသွားမည်

ဟန္နွိုင်း ဧပြီ ၁၀

မဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) တစ်လျှောက်တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာစီမံကိန်းကို ကမ္ဘာ့ဘဏ် (ဒဗလျူဘီ)က မူကြမ်းချမှတ်ရေးဆွဲနေသည်။ ယင်းစီမံကိန်းတွင် မဲခေါင်ဒေသ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေးနှင့် ထွက်ရှိလာသော ဓာတ်အားထုတ်လုပ်ရောင်းချ ကုန်သွယ်ဖလှယ်ရေးတို့ပါဝင်ကြောင်းကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၆ ရက်က ပြောကြားသည်။

ကမ္ဘာ့ဘဏ် ညွှန်ကြားရေးမှူးများအဖွဲ့၏ အတည်ပြုချက် ရရှိရန် အဆိုပါ မဟာစီမံကိန်းမူကြမ်းကိုမေလကတည်းက တင်ပြထားကြောင်း၊ ယင်းမူကြမ်း၌ မဲခေါင်ရေအရင်းအမြစ် ခွဲဝေသုံးစွဲရေး အစီအစဉ် အကောင်အထည်ဖော်ခြင်း၊ ဒေသဆိုင်ရာ ဓာတ်အားရောင်းချရေး၊ ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းတိုးချဲ့ရေးနှင့် အထူးသဖြင့်အခြားနိုင်ငံမှ ပြောင်းရွှေ့အလုပ်သမားများအတွက် လူ့အရင်းအမြစ် ပြဿနာရပ်များ ဖြေရှင်းရေးတို့ကို ကမ္ဘာ့ဘဏ်က ကူညီထောက်ပံ့သွားရန်တို့ ပါဝင်ကြောင်း အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွက် ကမ္ဘာ့ဘဏ် ညွှန်ကြားရေးမှူး အိုင်အန်ပေါ်တာက ပြောကြားသည်။ ဂျီအမ်အက်စ်၏ ကျွမ်းကျင်ပညာရှင်များအဖွဲ့ ဆွေးနွေးပွဲကျင်းပခြင်းနှင့် ဂျီအမ်အက်စ်အဖွဲ့ဝင် အစိုးရများကြား သဘောတူညီမှုရရှိထားသော ဓာတ်အားရောင်းချရေးနှင့် နည်းပညာဆိုင်ရာ အထောက်အကူပြုရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်က ကူညီဖြည့်ဆည်း သွားမည်ဖြစ်ကြောင်း ၎င်းကပြော ကြားခဲ့သည်။ အမေရိကန်ဒေါ်လာ ၁ဒသမ ၂ဘီလီယံ အကုန်အကျခံ၍ လာအိုနိုင်ငံ၌ တည်ဆောက်မည့် နမ်သန်-၂ ရေအား လျှပ်စစ်စက်ရုံတည်ဆောက်ရေးစီမံချက်ကိုဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများက မကြာသေးမီက သဘောတူထောက်ခံ ကြကြောင်း ၎င်းကဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယူးဒေလီ လေဆိပ်၌ လေယာဉ်အရေးပေါ် ဆင်းသက်

နယူးဒေလီ ဧပြီ ၁၀

အိန္ဒိယလေကြောင်းလိုင်းမှလေယာဉ်တစ်စင်းသည် နယူးဒေလီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ယင်းလေဆိပ်ရှိ လေယာဉ်ပြေးလမ်း နှစ်လမ်းတွင် တစ်လမ်းပိတ်ဆို့မှုဖြစ်ပြီး လေယာဉ်ပျံသန်းရေး ကြန့်ကြာမှုဖြစ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရှန်ဟိုင်းမှ ဗန်ကောက်သို့ ပျံသန်းသည့် အဲဘတ်စ်အေ-၃၁၀ လေယာဉ်သည် ဂီယာ ချွတ်ယွင်းဖြစ်သဖြင့် နံနက် ၇နာရီခန့်တွင် နယူးဒေလီလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

ယင်းသို့ ဖြစ်ပွားသဖြင့် ညနေ ၃နာရီခန့်တွင် လေယာဉ်ပြေးလမ်း ရှင်းလင်းဖွယ်ရှိကြောင်း ပြည်တွင်းလေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လေယာဉ်ဆင်းသက်ရာ၌ ခရီးသည် အသက်အန္တရာယ်ထိခိုက်မှု မဖြစ်ခဲ့သော်လည်း အဆိုပါ လေယာဉ်၏ ရှေ့ဘီးမှာလည်း ပျက်စီးသွား၍ ယင်းလေယာဉ်ကို ပြေးလမ်းမှ ဖယ်ရှားရမည်ဖြစ်ကြောင်း၊ အဆိုပါ လေယာဉ်၏ အမြီးပိုင်းသည် တစ်ဖက်လေယာဉ်ပြေးလမ်းပေါ်သို့ ရောက်ရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လေယာဉ်ပြေးလမ်းတစ်လမ်းသာ အသုံးပြုရသဖြင့် ခရီးသည်များ အချိန်ကြန့်ကြာစွာ စောင့်ဆိုင်းကြရကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကျူးဘားနိုင်ငံစန်တာခရုပ်ဇ်ဒယ်လ်နော်တီးဒေသအနီးရှိ ရေနံတွင်းနှင့် အပူစွမ်းအားသုံး ဓာတ်အားပေးစက်တို့ကို ဧပြီ ၁၀ ရက် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မော်တော်ယာဉ်ရောင်းချမှု ဖောကုမ္ပဏီမြှင့်တင်

ပေကျင်း ဧပြီ ၁၀

တရုတ်နိုင်ငံတွင် မော်တော်ယာဉ်အများဆုံး ထုတ်လုပ်နေသည့်အတွက် ဖော(FAW)အုပ်စု ကော်ပိုရေးရှင်းက ပထမသုံးလပတ်တွင် မော်တော်ယာဉ်အစီး ၃၂၇၆၀၀ ရောင်းချခဲ့ရာ နှစ်အလိုက် ၂၅ဒသမ ၂ရာခိုင်နှုန်း မြင့်မားလာခဲ့ခြင်းဖြစ်သည်ဟု ရှန်ဟိုင်း သတင်းအရ သိရှိရသည်။

ဆီဒင်အမျိုးအစား မော်တော်ယာဉ်အစီး ၂၅၆၀၀၀၊ ရာခိုင်နှုန်းအားဖြင့် ၃၀ ဒသမ ၅ရာခိုင်နှုန်း တိုးတက်ရောင်းချခဲ့ရပြီးကုန်တင်ယာဉ်ကြီးများ ၁၁၄၈၄ စီး၊ ရာခိုင်နှုန်းအားဖြင့် ၁၈၀ အထိ တိုးတက် ရောင်းချခဲ့ရသည်ဟု ဖောသတင်း ရပ်ကွက်က ပြောကြားသည်။

ဖောဗောက်စ် ဝက်ဂွန်းမော်တော်ယာဉ်ကုမ္ပဏီက ပထမ သုံးလပတ်တွင်း မော်တော်ယာဉ်စီးရေ ၅၆ ဒသမ ၃ရာခိုင်နှုန်းအထိ တိုးတက်ရောင်းခဲ့ သည်။

တရုတ်နိုင်ငံ၏ အရှေ့မြောက်ပိုင်း ကျီလင်းပြည်နယ်၏ မြို့တော် ချန်ချွန်းတွင် အခြေစိုက်သည့် ဖောကုမ္ပဏီသည် ဗောက်စ်ဝက်ဂွန်း၊ တိုယိုတာနှင့် မာဇဒါကုမ္ပဏီတို့နှင့်ဖက်စပ်ထုတ်လုပ်ခဲ့သည်။ ယင်းကုမ္ပဏီက ကုန်တင်ယာဉ်ကြီးများ၊ ဘတ်စ်ယာဉ်နှင့် မီနီဘတ်စ်ယာဉ်များ ထုတ်လုပ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

ဒါကာ ဧပြီ ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အနီးရှိ မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း အတည်ပြုပြီးနောက် ကြက်ကောင်ရေ ၃၀၀၀ ကို သတ်ဖြတ်ခဲ့ကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားသည့် မွေးမြူရေးခြံမှာ ဆာဗားအရပ်တွင် တည်ရှိကြောင်း၊ ဆာဗားအရပ်သည် မတ် ၂၂ ရက်က မွေးမြူရေးခြံခြောက်ခြံ၌ H5N1 ဗိုင်းရပ်စ်ပိုးစတင်တွေ့ရှိခဲ့သည့် နေရာဖြစ်ကြောင်း ငါးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကူးစက်ပျံ့နှံ့

တိရစ္ဆာန်ဆေးကုဌာနနှင့် ကျန်းမာရေးဌာနတို့မှ ရာပေါင်းများစွာသော တာဝန်ရှိသူများကို အဆင်သင့်စုစည်းထားရှိကြောင်း၊ ရောဂါဖြစ်ပွားသည့် မွေးမြူရေးခြံများမှ ၁၀ စတုရန်းကီလိုမီတာအတွင်း ကြက်များရွှေ့ပြောင်းမှုကို တားမြစ်ပိတ်ပင်ထားကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုကိုစစ်ဆေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကမ္ဘာ့ရေနံဈေးနှုန်း တစ်စည်လျှင် ၄ရာခိုင်နှုန်းခန့်ကျဆင်း

နယူးယောက် ဧပြီ ၁၀

အီရန်နိုင်ငံရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်မှုဖြင့် ဖမ်းဆီးထားသော ဗြိတိန်ရေတပ်သားနှင့် ကမ်းတက်တပ်ဖွဲ့ဝင် ၁၅ဦးကို ပြန်လွှတ်ပေးပြီးနောက် ဧပြီ ၉ ရက်က ကမ္ဘာ့ရေနံဈေးကွက်တွင် ရေနံတစ်စည်၏ ဈေးနှုန်းသည် ၄ ရာခိုင်နှုန်းကျသွားသည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံစတုတ္ထအများဆုံး တင်ပို့ရောင်းချနေသော နိုင်ငံဖြစ်သည်။ အီရန်နိုင်ငံသည် ဗြိတိန် ရေတပ်သားများကို ဧပြီ ၅ ရက်က ပြန်လွှတ်ပေးခဲ့ပြီးနောက် အနောက်အုပ်စုနှင့် အီရန်နိုင်ငံတို့အကြား ဖြစ်ပေါ်နေသော တင်းမာမှုသည် လျော့ကျသွားခဲ့သည်။

သီတင်းနှစ်ပတ်ကြာ ရေတပ်သားများကို ထိန်းသိမ်းထားသည့် အရေးအခင်းဖြစ်ပွားစဉ်က အမေရိကန်ရေနံဈေးကွက်တွင် ရေနံတစ်စည်၏ ဈေးနှုန်းသည် ၆၈ဒေါ်လာအထိ မြင့်တက်သွားခဲ့သည်။ ထိုဈေးနှုန်းသည် ၂၀၀၀ပြည့်နှစ်စက်တင်ဘာ နောက်ပိုင်းတွင် ဖြစ်ပေါ်သော ဈေးနှုန်းများအနက် အမြင့်ဆုံးဈေးနှုန်းပင် ဖြစ်သည်။

အခြေအနေများ တင်းမာမှုလျော့ပါးလာပြီးနောက်ပိုင်းတွင် အမေရိကန် ရေနံဈေးကွက်တွင် ရေနံတစ်စည်ဈေးသည် ၆၁ဒသမ ၅၁ ဒေါ်လာသို့ ပြန်ကျလာပြီး လန်ဒန်ရေနံဈေးကွက်၌လည်း ဈေးနှုန်းသည် ၆၆ဒသမ ၅၉ ဒေါ်လာဈေးသို့ ပြန်ရောက်သွားသည်။

ရေနံဈေးနှုန်းသည် ၂၀၀၇ခုနှစ် ဇန်နဝါရီလက တစ်စည်လျှင် ၄၉ ဒသမ ၉၀ ဒေါ်လာသာ ရှိခဲ့သော်လည်း အီရန်နိုင်ငံနှင့် ဖြစ်ပွားသော နျူကလီးယား ပြဿနာနှင့် အီရတ်တွင် ဖြစ်ပေါ်နေသော တင်းမာသည့်အခြေအနေများကြောင့် ရေနံဈေးနှုန်းသည် ဆင်းမလာဘဲ အတက်ပိုင်းတွင် သာတည်ရှိနေခြင်းဖြစ်သည်ဟုဆိုသည်။

မည်သို့ပင် ဖြစ်စေကာမူ မျက်မှောက်အခြေအနေတွင် အီရန်နျူကလီးယား ပြဿနာသည် ကမ္ဘာ့မျက်နှာစာတွင် ပူပူလောလောဖြေရှင်းရမည့်ကိစ္စအဖြစ် တည်ရှိနေပြီး အီရတ်ပြဿနာမှာလည်း အဖြေရှာမရသည့် ပုစ္ဆာသဖွယ်တည်ရှိနေသည်။ ထိုပြဿနာနှစ်ရပ်သည် လာမည့်ကာလများတွင် အရှေ့အလယ်ပိုင်းဒေသကို ခြောက်လှန့်နေဦးမည်သာဖြစ်သည်ဟု မက်ကရိုမက်ထရစ်မှ အတိုင်ပင်ခံ အော်လီဗာဂျက်ကော့ဗ်က ပြောကြားသည်။ နွေရာသီကာလအမေရိကန်၌ ယာဉ်အသွားအလာများချိန်တွင် ထိုဈေးကွက်ရှိ ဓာတ်ဆီရောင်းလိုအား၊ ဝယ်လိုအားနှင့် လောင်စာသိုလှောင်ထားရှိမှု အခြေအနေများကို ဈေးကွက်လေ့လာသူများက စောင့်ကြည့်လျက်ရှိသည်။ ထိုဈေးကွက်တွင် မော်တော်ယာဉ်လောင်စာ သိုလှောင်ထားရှိမှုသည် ဖေဖော်ဝါရီလမှစ၍ ရေတွက်လျှင် ၁၀ရာခိုင်နှုန်းနီးပါးမျှ ကျဆင်းသွားသည်ကို သတိပြုမိခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆာဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ ဘဲလ်ဂရိတ်မြို့ ခရီပါဂျာဒေသ၌ ကျင်းပသည့် ရိုးရာလှည်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှည်းတစ်စီးကို ဧပြီ ၉ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ကုန်သေတ္တာစခန်းတစ်ခု၏ လုပ်ငန်းခွင်တစ်နေရာကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့စီးပွားရေး တရုတ်နိုင်ငံပါဝင်မှု တိုးမြှင့်ရေး ပင်လယ်ဆိပ်ကမ်းများ တိုးချဲ့သွားမည်

ပေကျင်း ဧပြီ ၁၀

ကမ္ဘာ့စီးပွားရေးတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုတိုးမြှင့်နိုင်စေရေးအတွက် မိမိတို့နိုင်ငံရှိ ပင်လယ်ဆိပ်ကမ်းများကို တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအသင်းက ဧပြီ ၉ ရက်တွင် ပြောကြားသည်။

ပင်လယ်ကမ်းရိုးတန်း မြို့ကြီးများဖြစ်ကြသော ကွမ်ကျိုး၊ လင်ဘို၊ ရှန်ဟိုင်း၊ ကွင်တောင်၊ တာ့လျံ၊ ရှန်ကျင့်တို့ရှိ ပင်လယ်ဆိပ်ကမ်းများ တိုးချဲ့တည်ဆောက်ရေး အစီအစဉ်များကို အစိုးရအဖွဲ့က အတည်ပြုပေးထားကြောင်း အဆိုပါအသင်းက ပြောကြားသည်။

ရှန်ကျင့်မြို့ရှိ ပင်လယ်ကမ်းရိုးတန်းဒေသသစ် တိုးချဲ့တည်ဆောက်ရန် အစီအစဉ်ကိုလည်း ဗဟိုအစိုးရက ဆောင်ရွက်ခွင့် ပေးထားကြောင်း ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပင်လယ်ဆိပ်ကမ်း တိုးချဲ့ရေး အစီအစဉ်ကို ချမှတ်ဆောင်ရွက်ခြင်းဖြင့် သင်္ဘောဖြင့် ကုန်စည်တင်ပို့မှုလုပ်ငန်း တိုးတက်လာမည့်အပြင် ဒေသတွင်း၌ စက်မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ခိုင်မာအားကောင်းလာစေရန် အထောက်အကူ ပေးနိုင်ကြောင်း အဆိုပါ အသင်းက ပြောကြားသည်။

ပင်လယ်ဆိပ်ကမ်းတိုးချဲ့ရေး အစီအစဉ်သစ်အရ စက်ရုံများသည် ၎င်းတို့၏ ကုန်ကြမ်းပစ္စည်းများကို သိုလှောင်နိုင်ရန် ပင်လယ်ဆိပ်ကမ်းများအနီးတွင် သိုလှောင်ရုံများထားရှိရန် လိုအပ်သည်။

အင်တာနက်။

မလေးရှား ကုန်သွယ်မှု ပိုငွေမြင့်တက်လာ

ကွာလာလမ်ပူ ဧပြီ ၁၀

မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် ဖေဖော်ဝါရီလက ပိုမိုမြင့်တက်လာရာ ရင်းဂစ် ၇ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇ ဘီလီယံ)ရှိကြောင်း၊ ယမန်နှစ် အလားတူကာလကထက် ၂ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း မလေးရှားနိုင်ငံစာရင်းအင်း ဌာနက ဧပြီ ၉ ရက်က ထုတ်ပြန်ကြေညာသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်၌ အမောင်းသင်လေယာဉ်ပျက်ကျ

ဒါကာ ဧပြီ ၁၀

ဧပြီ ၉ ရက်က ဘင်္ဂလားဒေ့ရှ် အနောက်ဘက် ဂျက်ဆိုရီခရိုင်၌ ဘင်္ဂလားဒေ့ရှ်လေတပ်မှ အမောင်းသင် လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမောင်းသင် လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။ ၎င်းလေယာဉ်မှူးသည် ဒေသစံတော်ချိန် ၁၂ နာရီ၌ ဂျက်ဆိုရီလေဆိပ်မှ အမောင်းသင်လေယာဉ် ပီတီ-၆(PT-6)ဖြင့် စတင်ပျံသန်းခြင်းဖြစ်သည်ဟု ပြည်သူ့ဆက်ဆံရေးဌာနမှ ပြောကြားသည်။

နာရီဝက်နီးပါးကြာ ပျံသန်းပြီးနောက် ရုတ်တရက် မီးလောင်ပြီး ဝါးတောထဲသို့ ထိုးကျသွားကြောင်းကို ယင်းဌာနက ပြောကြားသည်။

ပြောကြား

၎င်းလေယာဉ်မှူးသည် လေယာဉ်ပေါ်မှမထွက်နိုင်သည့်အတွက် ချက်ချင်းသေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

လေယာဉ်ပျက်ကျကြောင်း သတင်းရရှိပြီးနောက် ဘင်္ဂလားဒေ့ရှ်လေတပ်မှ ရဟတ်ယာဉ်တစ်စင်းသည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအတွက် ဆေးတပ်ဖွဲ့များကိုခေါ်၍ အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ် ပြည်နယ်အချို့တွင် ခွာနာ၊ လျှာနာ ရောဂါဖြစ်ပွား

ဟနွိုင်း ဧပြီ ၁၀

ဗီယက်နမ်နိုင်ငံ၏ ပြည်နယ်ကိုးခုတွင် မတ်လလယ်က ခွာနာလျှာနာရောဂါ ဖြစ်ပွားခဲ့ပြီး ယခုအခါ ပြည်နယ်လေးခုတွင် ယင်းရောဂါဖြစ်ပွားနေကြောင်း ဒေသခံလူငယ် သတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။

ယခုအခါ ယင်းရောဂါသည် ဗီယက်နမ်အလယ်ပိုင်းရှိ ဖူယင်ပြည်နယ်မှ ဘုံအဖွဲ့လေးဖွဲ့၊ ဘင်ဒင်ပြည်နယ်မှ ဘုံအဖွဲ့ လေးဖွဲ့၊ ကုန်းမြင့်ဒေသဖြစ်သည့် ဒတ်လတ်ပြည်နယ်မှ ဘုံအဖွဲ့နှစ်ဖွဲ့၊ မြောက်ပိုင်းဒေသရှိ ဆွန်လာပြည်နယ်မှ ဘုံအဖွဲ့ သုံးဖွဲ့တွင် ဖြစ်ပွားလျက်ရှိသည်။

မတ်လလယ်ပိုင်းတွင် အဆိုပါရောဂါသည် လိုင်ချော၊ ဖူယင်၊ ကွမ်နမ်၊ ကွမ်ဝိုင်၊ ခန်ဟွာ၊ ကွမ်အင်း၊ ဘင်ဒင်း၊ ဒတ်လတ်၊ ယူသီယန်ဟူးစသည့် ပြည်နယ်ကိုးခုတွင် ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာ၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ၁၇ဦး သေဆုံး

ကိုလံဘို ဧပြီ ၁၀

သီရိလင်္ကာ တောင်ဘက်ပိုင်းတွင် ပြင်းထန်သော လမ်းမတော်တဆ ဖြစ်မှုကြောင့် ၁၇ဦး သေဆုံးပြီး လူ ၅၀ မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေသစံတော်ချိန် ၆ နာရီ ၁၅မိနစ် အချိန်တွင် ကိုလံဘိုမြို့တော် တောင်ဘက် ၆၈ ကီလိုမီတာအကွာရှိ အင်ဒူရုဝါဒေသ၌ ကုန်သေတ္တာ တင်လော်လီကားတစ်စီးသည် ခရီးသည်အပြည့်တင်လာသော ဘတ်စ်ကားတစ်စီးကို ဝင်တိုက်ခဲ့ကြောင်း သိရှိရသည်။

တိုက်မိ

၎င်းခရီးသည်တင် ယာဉ်ဘတ်စ်ကားသည် ဂယ်လီမြို့ ကမ်းရိုးတန်းဒေသတောင်ဘက်ပိုင်းမှ မောင်းနှင်းလာစဉ်တွင် ဂယ်လီမြို့သို့ ဘီယာသေတ္တာများ သယ်ဆောင်လာသည့် လော်လီကားနှင့် ဝင်တိုက်ခဲ့ကြောင်း အခင်းဖြစ်ပွားရာဒေသ၏တောင်ဘက် ၇၂ ကီလိုမီတာခန့်ရှိ ကို့စ်ကိုဒါဒေသမှ ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုယာဉ်တိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ တိုးလာနိုင်ဖွယ်ရာရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ ကေဒီဒီအိုင် ကုမ္ပဏီက ထုတ်လုပ်သည့် မိုဘိုင်းလ်ဖုန်းအသစ်များကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေခဲစိုင်နှင့်အတူ မျောပါလာသော ရေလုပ်သားများကို ကယ်တင်

မော်စကို ဧပြီ ၁၀

ရေခဲစိုင်နှင့်အတူ ရုရှား အရှေ့ဖျားဒေသအထိ မျောပါလာသော ရုရှားလုပ်သား ၇၀ တို့ကို ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်ခဲ့ကြောင်း အီတာတပ်စ် သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

လူ ၈၀ ခန့် လိုက်ပါလာသည့် အဆိုပါ ရေခဲစိုင်သည် ဒီဖရစ်ဖ်ကျွန်းအနီး အေမာပင်လယ်ကွေ့တွင် တနင်္ဂနွေနေ့ ညနေက ကွဲအက်သွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကူဖာနှင့် နာဂျက်ဖ်မြို့တို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

ဘဂ္ဂဒက် ဧပြီ ၁၀

အမေရိကန်ဆန့်ကျင်သူဒေသခံများက ကူဖာနှင့် နာဂျက်ဖ်မြို့တို့တွင် ဆန္ဒပြကြကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

အမျိုးသား၊အမျိုးသမီးများနှင့်ကလေးများက အမေရိကန်ဆန့်ကျင်ရေး နဖူးစည်းစာတန်းများဖြင့် နာဂျက်ဖ်နှင့် ကူဖာမြို့တို့တွင် စုရုံးဆန္ဒပြ ခဲ့ကြသည်။ ကူဖာမြို့တွင် လူစုလူဝေးဖြင့် စတင်ဆန္ဒပြခဲ့ခြင်းဖြစ်ပြီး ထောင်ချီရှိသည့် ဆန္ဒပြသူများက မော်တော်ယာဉ်များစီး၍ မြို့တွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ဘဂ္ဂဒက်နှင့် နာဂျက်ဖ်မြို့အတွင်းလမ်းသည် ခရီးသည်များဖြင့် ပြည့်လျှမ်းနေသည့် ယာဉ်များက အီရတ်အလံများ ဝှေ့ယမ်းပြီး အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးကြသည်။

ဆာဒါးမြို့ရှိ အိမ်များ၊ ဈေးဆိုင်များနှင့် မော်တော်ယာဉ်များတွင် အီရတ်အလံများ လွှင့်ထူထားပြီး ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်လိုက်ပါသည့် မော်တော်ယာဉ်တန်းများက အလံဝှေ့ယမ်းနေသော အမေရိကန်ဆန့်ကျင်သူများကို တင်ဆောင်ပေးလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တနင်္လာနေ့နှောင်းပိုင်းက ဗန်ကောက်တွင်ဗုံးကွဲ

ဗန်ကောက် ဧပြီ ၁၁

ဗန်ကောက်မြို့တွင် ဧပြီ၉ရက်နေ့နှောင်းပိုင်းက ပလာဇာအရောင်းဆိုင်ရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

ဗန်ကောက်ပို့သတင်းအရ ည၁၁း၁၅နာရီခန့်အချိန်တွင် မေဂျာဆီနီပလက်ရပ်ချာယိုသင်ပလာဇာရှေ့၌ အဆိုပါဗုံးသည်ပေါက်ကွဲသွားခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် အများသုံးတယ်လီဖုန်းရုံးသုံးခုပျက်စီးသွားသော်လည်း ထိခိုက်ဒဏ်ရာရသူတစ်စုံတစ်ဦးမျှမရှိဟုဆိုသည်။

ဗုံးပေါက်ကွဲချိန်သည် လူနည်းပါးချိန်ညအခါဖြစ်၍ လူအများကိုထိခိုက်စေလိုသော သဘောမရှိဘဲ အထိတ်တလန့်ဖြစ်စေရန်သာကြံရွယ်ခြင်းဖြစ်ဟန် ရှိသည်ဟု ရဲတပ်ဖွဲ့၏ ကနဦးစုံစမ်းမှုများက ဖော်ပြသည်။

အမ်အင်အေ/ဆင်ဟွာ။

အိန္ဒိယနိုင်ငံ ဂီအာရ်ဘေးမဲ့ဥယျာဉ်အတွင်း ထိန်းသိမ်းထားသည့် ရှားပါး အာရှခြင်္သေ့တစ်ကောင်ကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြည်ထောင်စုသားတို့ သင်္ကြန်

မြင့်စိုး(နတလ)

အေးချမ်းစည်ပင် မြန်ပြည်တစ်ခွင် ပျော်ရွှင်ဆင်နွှဲ ရေသဘင်ပွဲ

(၁)

မြန်မာပြည်အနှံ့အပြားက XX တိုင်းရင်းသားမျိုးနွယ်စုတွေXX
မိသားစုတွေ XXXX
ရေမြေအလိုက်စုပေါင်းနေထိုင် X တိုင်းရင်းသားလူမျိုးစုံစွာ XX
အေးအတူပူအမျှ စုစည်းယှက်နွယ်
ပြည်ထောင်စုငယ်လေးများသဖွယ် XXX
ထူးခြားတဲ့ဝိသေသရှိတဲ့မြန်မာတွေ
နှစ်သစ်ကို ကြည်နူးစွာ ပျော်မြူးနိုင်စေ XXX
နယ်စပ်ဒေသက တိုင်းရင်းသားတွေ
ဒို့အသက်နဲ့ထပ်တူ ပြည်ထောင်စုကို ချစ်ကြတယ်လေ XX

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအတွက် ဂီတစာဆို ဟသ်ာတမြင့်ငွေ သီကုံးရေးဖွဲ့ပေးခဲ့ဖူးသော သင်္ကြန်တေးသီချင်းတစ်ပုဒ်အား တိုးတိုးဖွဖွ လိုက်ပါရေရွတ်ရင်း ပြန်လည်ခံစားနားဆင်ကြည့်မိသည်။ သီချင်းအမည်က **ပြည်ထောင်စုကြီးအေးချမ်းပါစေ။** သီဆိုပေးထားသော တေးသံရှင်က မြဝတီရုပ်မြင်သံကြားမှ ညီမငယ် ယဉ်ယဉ်ထွန်း။ ထိုသီချင်းကို ပြန်လည်နားထောင်မိခြင်း အကြောင်းရင်းမှာ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ကချင်တိုင်းရင်းသားကလေး မောင်တန်ဂျီးက အကူအညီတောင်းခံလာ၍ ဖြစ်သည်။

လာမည့် သင်္ကြန်ပွဲတော် အထူးအစီအစဉ်အဖြစ် မြန်မာ့ရုပ်မြင်သံကြား၏ ဆိုကြမယ်၊ ပျော်ကြမယ် ကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်ရန် သင့်တော်မည့် သင်္ကြန်သီချင်းတစ်ပုဒ် ရွေးချယ်ပေးပါဟူ၏။ တန်ဂျီးသည် မြန်မာ့ရုပ်မြင်သံကြား ဆိုကြမယ်၊ ပျော်ကြမယ် အစီအစဉ်တွင် နှစ်ကြိမ် ဆုရထားဖူးသူဖြစ်သည့်အတွက် ရှိပြီး သင်္ကြန်သီချင်းများထဲမှ သူလည်း

မြန်မာ့ရိုးရာ မဟာသင်္ကြန်တွင် သမီးငယ်လေးများကလည်း ရိုးရာယဉ်ကျေးမှုမပျက် ဝတ်စားဆင်ယင် ပြိုင်ပွဲဝင်ခဲ့ကြသည်။

ဆိုနိုင်မည့်၊ အနှစ်သာရလည်း ပြည့်ဝသည့် သီချင်းတစ်ပုဒ်ကို ရွေးပေးလိုက်သည်။ **ပြည်ထောင်စုကြီးအေးချမ်းပါစေ** သီချင်း၊ ဒါ့အပြင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာမှ ယဉ်ကျေးမှုဝန်ထမ်းများကလည်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသူ ရှစ်ဦးပါဝင်သော သင်္ကြန်ယိမ်းအကနှင့် မောင်တန်ဂျီးကို ကူညီပံ့ပိုးပေးကြဦးမည်။

ဆုရခြင်း၊ မရခြင်းသည် အဓိကမကျပါ။ ဆိုကြမယ်၊ ပျော်ကြမယ် စင်မြင့်ထက်၌ ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့ သင်းထုံနေသော ပြည်ထောင်စုငယ်လေးတစ်ခု ဖြစ်တည်သွားလျှင်ပင် ရလဒ်မှာ အဖိုးမဖြတ်နိုင်ပြီတည်း။

(၂)

တလောဆီက အကြောင်းကိစ္စတစ်ခုဖြင့် ရန်ကုန်မြို့လယ် ၃၄ လမ်းထဲရှိ ကျွန်တော့်အသိမိတ်ဆွေ ရွှေအင်းသားခင်မောင်ဝင်း၏ ဓာတ်ပုံစတူဒီယိုသို့ ရောက်သည်။ ကျွန်တော့်အရင် ရောက်နှင့်နေသူက ကိုစိုင်းအုန်းမောင်၊ သူက ပလောင်လူမျိုး၊ နမ့်ဆန်ဇာတိ၊ သူနှင့်ဆုံခိုက် နမ့်ဆန်-မန်တုံဘက်က အကြောင်းတွေ ပြန်လည်ပြောဖြစ်ခဲ့သည်။ ၁၉၉၁ခုနှစ်အတွင်းက ကျွန်တော်တို့ကိုယ်တိုင် ပါဝင်ကြိုးပမ်းတည်ဆောက်ခဲ့ဖူးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအကြောင်း၊ တောင်ကုန်းတောင်စွယ်လေးများပေါ်တွင် ကွေ့ကာဝိုက်ကာဖြင့် ထူးထူးခြားခြား လှပနေသော နမ့်ဆန်မြို့လေးအကြောင်း၊ တောင်ရိုးဘုရားပွဲအကြောင်း၊ နမ့်ဆန်-မန်တုံဒေသ စီးပွားရေးလုပ်ငန်းများအကြောင်း စသည် စသည်ဖြင့်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ နမ့်ဆန်မြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ နမ့်စန်မြို့တို့ကို ရောထွေးမသွားရလေအောင် ဆလိမ်နှင့်ဆန်သောနမ့်ဆန်မြို့၊ စလုံးနှင့်စန်သော နမ့်စန်မြို့ဟု ခွဲ၍မှတ်သားထားကြောင်း ဆောင်းပါးတစ်ပုဒ်၌ ကျွန်တော်ရေးခဲ့ဖူးသည်။ ကိုစိုင်းအုန်းမောင်ကမူ သူ့ဇာတိနမ့်ဆန်မြို့ကို တလူးလူး တလိမ့်လိမ့်ဖြင့် တုန်၍ခါ၍စီးဆင်းနေသော ချောင်းကလေးတည်ရှိရာ အရပ်ဒေသဟု အဓိပ္ပာယ်ဖွင့်သည်။ ရွှေအင်းသားခင်မောင်ဝင်း၏ဇနီး ရှမ်းတိုင်းရင်းသူ မနန်းမေမျိုးအောင်ကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)က နမ့်စန်မြို့မှာ ရေအရသာပေါ့သော အရပ်ဒေသဟု အဓိပ္ပာယ်ရကြောင်းရှင်းပြသည်။

တပ်မတော်သားဘဝဖြင့် ထိုမြို့ နှစ်မြို့စလုံးကို ကျွန်တော် ရောက်ဖူးသည်။ သို့သော် ရောက်ရပုံချင်းတော့မတူ။ နမ့်စန်ကို ၁၉၈၄ခုနှစ်တွင် စစ်ဆင်ရေးကိစ္စဖြင့် ရောက်သည်။ နမ့်ဆန်ကိုမူ ၁၉၉၁ ခုနှစ်တွင် ငြိမ်းချမ်းရေးကိစ္စဖြင့် ရောက်ခြင်းဖြစ်သည်။ နှစ်စဉ် သင်္ကြန်ပွဲတော်ကာလရောက်တိုင်း ကျွန်တော်အမှတ်ရမိသော မြို့ရွာဒေသများထဲ၌ နမ့်ဆန်မြို့ကလေးပါဝင်သည်။ အကြောင်းမှာ ၁၉၉၁ ခုနှစ် သင်္ကြန်ကို နမ့်ဆန်မြို့၌ ကျခဲ့သောကြောင့်ဖြစ်သည်။ ပလောင်တိုင်းရင်းသူလေးတွေ ချောလွန်းလှလွန်း၍လည်း မမေ့တာ ဖြစ်ပါလိမ့်မည်။

(၃)

နှစ်စဉ် သင်္ကြန်ပွဲတော်ကာလရောက်တိုင်း ကျွန်တော်မမေ့နိုင်သော အရပ်ဒေသတစ်ခု ရှိပါသေးသည်။ ဟိုမိန်းဒေသ။ ၁၉၉၆ခုနှစ် ဇန်နဝါရီလ အတွင်း ကျွန်တော်တို့အဖွဲ့ ဟိုမိန်းသို့ရောက်ခဲ့သည်။ ဌာနစုံပါဝင်သည်။ **သင်္ကြန်ကာလ၌ ဟိုမိန်းမြို့ကလေး၏ အထင်ကရနေရာ တစ်ခုဖြစ်သော နောင်လုံကန်ကြီးနံဘေးတွင် သင်္ကြန်မဏ္ဍပ်ဆောက်သည်။ ဟိုမိန်းမြို့သူ၊ မြို့သားများနှင့် စုစုဝေးဝေး ပျော်ပျော်ရွှင်ရွှင် ရေပက် ကစားခဲ့ကြသည်။ ထိုကဲ့သို့ ရေပက်ကစားခဲ့ဖူးသော နမ့်ဆန်သင်္ကြန်၊ ဟိုမိန်းသင်္ကြန်များကို ငြိမ်းချမ်းရေးသင်္ကြန်များအဖြစ် အမြဲတမ်း အမှတ်တရရှိနေခဲ့သည်။**

ထို့အပြင်တဝ ကျွန်တော့်ရင်ထဲ၌ ထာဝစဉ်အမှတ်တရဖြစ်စေခဲ့သော သင်္ကြန်ပွဲတော်များစွာ ထင်ကျန်နေပါသေးသည်။ ထိုသင်္ကြန်ပွဲတော်များကိုမူ ပြည်ထောင်စုသားတို့၏ သင်္ကြန်ဟု ညွှန်းဆိုရမည်သာ။ နယ်စပ်ဒေသ အသီးသီးမှတိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များ ရင်းနှီးချစ်ကြည်စွာ လာရောက်ဆုံစည်းကြသည်။ မိမိတို့ရိုးရာယဉ်ကျေးမှုများကို အသီးသီးဖလှယ်ခဲ့ကြသည်။ ထို့ထက် ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့များကို တောင်ပေါ်မြေပြန့် အနှံ့အပြားဆီသို့ သယ်ဆောင်သွားကြသည်။

တေးရေးဆရာအသီးသီးက ရေးစပ်သီကုံးပေးခဲ့သော သင်္ကြန်သီချင်းများကလည်း ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးတို့ကို ဖော်ညွှန်းသည်။ ပြည်ထောင်စုကြီး အေးချမ်းပါစေ၊ ရာသက်ပန် ပြည်ထောင်စုကြီးအေးချမ်းပါစေ၊ တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေ၊ ပြည်ထောင်စုနှင့် ခါသင်္ကြန်၊ ပြည်ထောင်စုသားတို့ သင်္ကြန် စသည်ဖြင့် သီချင်းခေါင်းစဉ်ကအစ အနှစ်သာရ ပြည့်ဝလှပေသည်။

(၄)

ငြိမ်းချမ်းရေးသင်္ကြန်များ၌ တစ်ဦးအပေါ်တစ်ဦး ယုံကြည်ကိုးစားမှု၊ စာနာနားလည်မှု၊ သည်းခံခွင့်လွှတ်မှုတို့ဖြင့် ပက်ဖျန်းခဲ့သော အတာရေသည် ပို၍အေးအေးမြမြရှိခဲ့သည်။ ထို့အတူ ပြည်ထောင်စုဖွားသွေးချင်းများ နှစ်စဉ်ရင်းနှီးချစ်ကြည်စွာ ပါဝင်ဆင်နွှဲခဲ့သော ပြည်ထောင်စုသားတို့ သင်္ကြန်သည် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို အစဉ် ရှေးရှုဖော်ဆောင်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အခြေခံအုတ်မြစ်ကို ပိုမိုခိုင်မာစေခဲ့သည်။ မိမိတို့ ရိုးရာယဉ်ကျေးမှုများကို ပိုမိုမြတ်နိုးအလေးထားလာစေခဲ့သည်။

မည်သို့ဆိုစေ ငြိမ်းချမ်းရေးသင်္ကြန်များကို ကျွန်တော်တန်ဖိုးထားသည်။ ပြည်ထောင်စုသားတို့ သင်္ကြန်ကို ကျွန်တော်မြတ်နိုးသည်။ တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်သောမေတ္တာ စေတနာအရင်းခံဖြင့် ပက်ဖျန်းသွန်းလောင်းသော အတာရေကြောင့် ပြည်ထောင်စုကြီးထာဝစဉ် အေးချမ်းနေမည်မှာမလွဲပေ။ ။

ငြိမ်းချမ်းရေးသင်္ကြန်များ၌ တစ်ဦးအပေါ် တစ်ဦး ယုံကြည်ကိုးစားမှု၊ စာနာနားလည်မှု၊ သည်းခံခွင့်လွှတ်မှုတို့ဖြင့် ပက်ဖျန်းခဲ့သော အတာရေသည် ပို၍ အေးအေးမြမြရှိခဲ့သည်။ ထို့အတူ ပြည်ထောင်စုဖွား သွေးချင်းများ နှစ်စဉ် ရင်းနှီးချစ်ကြည်စွာ ပါဝင်ဆင်နွှဲခဲ့သော ပြည်ထောင်စုသားတို့ သင်္ကြန်သည် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို အစဉ်ရှေးရှု ဖော်ဆောင်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အခြေခံအုတ်မြစ်ကို ပိုမိုခိုင်မာစေခဲ့သည်။ မိမိတို့ ရိုးရာယဉ်ကျေးမှုများကို ပိုမိုမြတ်နိုး အလေးထားလာစေခဲ့သည်။

အိမ်တော်ရာစေတီတော် ရွှေသင်္ကန်းကပ်လှူမှု ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁၁

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အိမ်တော်ရာစေတီတော်မြတ်ကြီးအား ယခုအခါ လုံးတော်ပြည့်ရွှေသင်္ကန်း ပြန်လည်ကပ်လှူပူဇော်လျက်ရှိရာ ရှစ်လက်မ ပတ်လည်တစ်ချပ်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် စေတီတော်ပေါ်သို့ ကိုယ်တိုင်တက်ရောက်ကပ်လှူနိုင်ရေးအတွက် ဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မဟာဓမ္မာစရိယ ဘုန်းတော်ကြီးမူလတန်းလွန်ကျောင်းနှင့် သာသနာ့ဗိမာန်သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ အမှတ်(၂၀)ရပ်ကွက် ဓမ္မာစရိယကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ နရပတိက ဦးစီး၍ (၅၆)ရပ်ကွက် မင်းရဲကောင်းပုံလမ်း သာသနာ့မြေပေါ်တွင် အလျားပေ ၁၆၀၊ အနံပေ ၃၀ ရှိ သုံးထပ်သာသနာ့ဗိမာန်ကျောင်းတော်ကြီး**(အပေါ်ပုံ)**ကို ဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါသာသနာ့ဗိမာန်တော်ကြီးပြီးစီးပါက ပထမထပ်တွင်မည်သူမဆိုတက်ရောက်သင်ယူနိုင်မည့် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း၊ ဒုတိယထပ်တွင် စာသင်သား ရဟန်းတော်များလက်ခံ၍ ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့်အမျိုးသားစာမေးပွဲများကျင်းပခြင်း၊ တတိယထပ်တွင် တရားစခန်းများ၊ သာသနာတော်ဆိုင်ရာ အခမ်းအနားများကျင်းပခြင်းတို့ကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကျောင်းဆောက်ခြင်းအကျိုးကို မျှော်ကိုး၍ကုသိုလ်ယူလှူဒါန်းလိုသူများသည် ဆရာတော်ဘဒ္ဒန္တ နရပတိ၊ ဓမ္မာစရိယကျောင်းတိုက် ဖုန်း-၅၉၀၀၇၈၊ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၅၉၀၀၆၅၊ အတွင်းရေးမှူး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၅၉၀၀၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပိတောက်ဝါ မြန်မာ့ပန်း

❄ ရွှက်ဝါကြွေ နွေအဦး
နှစ်သစ်ကူးတဲ့ လတန်ခူးမို့
ပုရစ်ဖူးတို့ ကိုက်ညွှန့်စီ၊
နွေပလီ သည်ကာလမှာ
ချစ်ရသူ မောင့်သက်မှူးနဲ့
နှစ်,ဦး တေးသီ။

❄ ချိုမြသည် ချစ်ကြည်နူးစရာမို့
ပိတောက်ဝါရွှေရည်ဖူးတို့က
လူးလွန့်လွန့် စီရရီ
ချစ်သူဆီ ဆွတ်ချူသချင်ရဲ့
မယ်နဲ့မောင် သင်္ကြန်ပွဲ
နွှဲစို့ တူညီ။

❄ ပျော်ကြမည် သည်ရေပွဲ
တူယှဉ်နွှဲ တူးပို့သီ
ဖော်စုံညီ ပျော်ရွှင်ရေး၊
ဇမ္ဗော်ရည် ပြေပြေလိမ်းပါတဲ့
“ပိတောက်ဝါ မြန်မာ့ပန်း”တွေနဲ့
မြန်းဆင်စို့လေး။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

ယုဇနဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

မြောက်ဥက္ကလာပမြို့နယ်၊(၂)ရပ်ကွက်၊ ယုဇနဓမ္မာရုံကြီး၏ စတုတ္ထအကြိမ် အထူးတရားပွဲကျင်းပမည်ဖြစ်ရာ ဧပြီ ၁၈၊ ၁၉ရက်၌ အရှင်ပညာနန္ဒ သီတဂူကြယ်တစ်ပွင့်၊ ၂၀၊ ၂၁ရက်၌ အရှင်အာစာရာလင်္ကာရ (နိုင်ငံတော် ဘွဲ့တံဆိပ် ဆယ်ဘွဲ့ရ)စစ်ကိုင်းတောင်၊ ၂၂နှင့်၂၃ရက်၌ အရှင်ပညာဝံသ (ဝါးခယ်မဆရာတော်)၊ ၂၄နှင့် ၂၅ရက် အရှင်သောဘဏ (ပိဋကတ်တစ်ပုံ အောင် ရွှေမြင့်မိုရ် ဆရာတော်)၊ ၂၆ရက်၌ အရှင်သိရိန္ဒာဘိဝံသ (တိပိဋကဓရ ယောဆရာတော်)၊ ၂၇ရက်၌ အရှင်သဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်းဆရာတော်)၊ ၂၈ရက်၌ အရှင်သုနန္ဒရ (ဥဿာ နယ်လှည့် ဓမ္မကထိက)၊ ၃၀ရက်၌ အရှင်ဇဝန (မေတ္တာရှင်ရွှေပြည်သာ)၊ မေ ၁ရက်၌ အရှင်ဇဋိလ (ဘဏ္ဍာဒီပမဟာဓမ္မကထိက ဗဟုဇနဟိတဓရ)ရန်ကုန်ကျောင်း၊ မေ ၂ ရက်၌ ဒေါက်တာကုမာရာဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) ဗန်းမော်ဆရာတော်တို့က ဟောကြားကြမည်ဖြစ်သည်။ (က-ပ)

အိမ်ရှင်မများဝင်ငွေတိုး မြန်မာမုန့်လုပ်နည်းသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက် တံတားမြို့နယ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အိမ်ရှင်မများ ဝင်ငွေတိုး မြန်မာမုန့်လုပ်နည်း သင်တန်းဆင်းပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ထံမှ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ ၁၀၀၀ ကို လက်ခံ၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ဦးဝင်းစိုး (ရှုပါရှိုင်းစတိုး)၊ ဦးဟာဆန်း (Pacific Photo)၊ ဦးမြတ်စိုးဝင်း (Techno Land Computer)၊ ဦးကျော်နေဝင်း (Pelican Construction)၊ ဒေါက်တာ ဒေါ်စပယ်တင် Panorama Hotel၊ ဦးကျော်စိုး (ခရားကြီးလက်ဖက်ရည်ဆိုင်)၊ ဦးဇော် ဝင်း (မေဖဲယားအင်း)၊ ဦးပေါ်ထွန်း (သွင်းကုန်ထုတ်ကုန်လုပ်ငန်း) နှင့် ဦးထိုက်-ဒေါ်ခင်ခင်ရီ မိသားစု (မန်းသီရိတေးသံသွင်း)တို့က ငွေကျပ် တစ်သိန်းစီဖြင့် စုပေါင်းအလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံသည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း သင်တန်းသူများ၏လက်ရာ မြန်မာမုန့်များကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးမြို့ ပန်းခြံကုန်းပရဟိတဂေဟာသို့ငွေလှူဒါန်း

ပဲခူး ဧပြီ ၁၀

ပဲခူးမြို့ ပန်းခြံကုန်းရပ်ကွက်တွင် တည်ရှိသော လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ငွေလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၇ ရက်က ခန်းမဆောင်တွင် ကျင်းပသည်။ အဆိုပါငွေလှူဒါန်းပွဲ၌ ပဲခူးမြို့ ရွှေမော်ဓောဘုရား ပွဲတော်တွင် ကပြ ခဲ့သော မြို့ရွှေမန်းသားဖိုးချစ် ဓာတ်အလှသဘင်၏ ဓာတ်မိသားစုက ငွေကျပ် ၆၉၀၀၄၀ ကို ဓာတ်မိသားစု ကိုယ်စား ဓာတ်မင်းသားဖိုးချစ်နှင့် အဖွဲ့က ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ပန်းခြံကုန်းပရဟိတဂေဟာဘုန်းတော်ကြီးသင် ပညာရေးကျောင်းအနေဖြင့် ကျောင်းသားကျောင်းသူ ၃၈၀ တို့ကို လက်ခံပညာသင်ကြားပေးလျက်ရှိသည်။ စာရေးကိရိယာ၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်စသည့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းလိုပါက ဖုန်း-၀၅၂-၂၄၁၄၅ သို့ ဆက်သွယ်ကူညီနိုင်ကြောင်းနှိုးဆော်ထားသည်။ (၄၀၃)

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ကျောက်တံတားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အိမ်ရှင်မများဝင်ငွေတိုး မြန်မာမုန့်လုပ်နည်း သင်တန်းဆင်းပွဲတွင် သင်တန်းသူများ၏လက်ရာ မြန်မာမုန့်များကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်၊ ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့ရှိသူ -ထောင်(၁)နှစ်
၂။ ကစားသူ -ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ -ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

သင်္ကြန်ကာလအတွင်း အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းများမပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်း မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

❐ ရှေ့ဖုံးမှ

လှည့်လည်ကြည့်ရှုကာ မြို့တွင်းနှင့်နယ်အဝေးခေါ်ဆိုရာတွင် အသံကြည်လင်ပြတ်သားမှု ရှိ၊ မရှိ စမ်းသပ်ပြောဆိုကြသည်။

ထို့နောက် တိုင်းမှူးက တာဝန်ရှိသူများအား စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး၊ လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရေး၊ မြို့နေလူထုအနေဖြင့် အချိန်တိုအတွင်း အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်မှုလွယ်ကူအဆင်ပြေစေရေး၊ ရာသီမရွေးဆက်သွယ်နိုင်စေရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့်နှင့် ဝန်ထမ်းများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့အား မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ယခင်က မြစ်သားမြို့၌ လိုင်း ၁၀၀ ပါ လက်လှည့်အိတ်ချိန်းစနစ်သာရှိခဲ့ပြီး အဝေးဆက်သွယ်မှုအနေဖြင့် အော်ပရေတာမှတစ်ဆင့် ခေါ်ဆိုခဲ့ရပြီး ယခုအခါ မြစ်သားမိုက်ခရိုစခန်းမှတစ်ဆင့် အဝင်/အထွက်လိုင်း ၆၀ အသုံးပြုပြီး လိုင်း ၄၀၀ ပါ JSY 2000 အော်တိုအိတ်ချိန်းစနစ်ကို တပ်ဆင်ခဲ့ပြီးဖြစ်သဖြင့် လွယ်ကူစွာ တိုက်ရိုက်ဆက်သွယ်နိုင်ပြီဖြစ်သည်။ မန္တလေးတိုင်းအတွင်း ယခင်က အော်တိုအိတ်ချိန်းတပ်ဆင်ပြီး မြို့ ၁၂ မြို့ ရှိခဲ့ရာမှ ယခုအခါ မြစ်သားမြို့အပါအဝင် အော်တိုအိတ်ချိန်း ၂၂ မြို့ တပ်ဆင်ပြီးဖြစ်ကြောင်း၊ ယခု အော်တိုအိတ်ချိန်းတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် စုစုပေါင်းကုန်ကျငွေကျပ် ၁၅၆ဒသမ ၉သန်း ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ရောဝတီတိုင်းမှ

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် တာဝန်ရှိသူများက အသင်းကြီး၏ ဆောင်ရွက်ချက်များနှင့် ဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားကြသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်) ဥက္ကဋ္ဌ ဒေါက်တာကြည်ဖေက ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးကုမ္ပဏီများ၏ အရောင်းဆိုင် ပြခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးကြကာ ပြခန်းများအလိုက် ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဖွင့်လှစ်ပြသ

အဆိုပါ (၆)ကြိမ်မြောက် နှီးနှောဖလှယ်ပွဲအား နှစ်ရက်ကြာ ကျင်းပပြီး ပထမနေ့တွင် ဆွေးနွေးပွဲ ၁၁ ခု၊ ဒုတိယနေ့တွင် ရောဂါအလိုက် စာတမ်း ၁၃ စောင်အား ဖတ်ကြားခဲ့သည်။ ဆေးပညာ နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ်အဖြစ် ကုမ္ပဏီ ၂၀ ကျော်မှ ဆေးပစ္စည်းပြခန်းများ ဖွင့်လှစ်ပြသ ရောင်းချကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆)ကြိမ်မြောက် ရောဝတီတိုင်း ဆရာဝန်များ ဆေးပညာနှီးနှောဖလှယ်ပွဲနှင့် ဆေးပစ္စည်းပြပွဲဖွင့်ပွဲကို ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အားပေးစဉ်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) ဥက္ကဋ္ဌ ဒေါက်တာကြည်ဖေတို့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းမဟာသင်္ကြန်
စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မကွေးတိုင်း ပခုက္ကူမြို့၌ ပြည်သူလူထုအခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေး အသင်းအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူလူထုအခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ အတွင်းက မကွေးတိုင်း ပခုက္ကူမြို့ပေါ်ရှိ ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပြည်သူလူထု အခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့၊ တီဘီရောဂါ တိုက်ဖျက်ရေးဌာနတို့မှ အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသည့် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာ အသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်ဆရာဝန်အသင်းနှင့် သူနာပြုအသင်းဝင်များ ပူးပေါင်း၍ အအေးဒိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်လူနာများကို ရှာဖွေဖော်ထုတ်ပြုစုစောင့်ရှောက်ပေးခဲ့သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၈ရက်နှင့် ၉ရက်တွင် ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက်၌ HIV/AIDS ဝေဒနာရှင် ၁၀ဦး၊ တီဘီဝေဒနာရှင် တစ်ဦးနှင့် အမှတ်(၁၅)ရပ်ကွက်တွင် HIV/AIDS ဝေဒနာရှင်ခုနစ်ဦး၊ တီဘီဝေဒနာရှင်လေးဦး၊ အခြားဝေဒနာရှင် တစ်ဦး၊ ဖေဖော်ဝါရီ ၂၂ရက်နှင့် ၂၃ရက်တို့တွင် အမှတ်(၅)ရပ်ကွက်၌ HIV/AIDS ဝေဒနာရှင်ငါးဦး၊တီဘီဝေဒနာရှင်နှစ်ဦး၊ အခြားဝေဒနာရှင်သုံးဦး၊ အမှတ်(၆)ရပ်ကွက်တွင် HIV/AIDS ဝေဒနာရှင် လေးဦး၊ တီဘီတစ်ဦး၊ အနာကြီးရောဂါနှစ်ဦး၊ အခြားရောဂါသည် ငါးဦးတို့အား အားဆေးများ၊ အာဟာရဖြစ်စေသော အစာများ၊ Opportunistic Infection အတွက် ဆေးဝါးများ၊ ဓာတ်ဆားများ၊ အိမ်တွင်းပြုစု စောင့်ရှောက်ရန် ရောဂါပိုးသွားများ အကာအကွယ်ပစ္စည်းများ၊ ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များကို ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၁-၄-၂၀၀၇)

ဟုမ္မလင်း	၁ ဒသမ ၁၅ လက်မ
ပူတာအို	၀ ဒသမ ၈၇ လက်မ
မချမ်းဘော	၀ ဒသမ ၅၅ လက်မ
ကလော	၀ ဒသမ ၂၇ လက်မ
မင်းတပ်	၀ ဒသမ ၁၆ လက်မ
ကျောက်တော်	၀ ဒသမ ၀၈ လက်မ

ရဟန်းခံ၊ သီလရှင်ဝတ် အလှူကျင်းပ

ရန်ကုန် ဧပြီ ၁၁

ဒါရိုက်တာ ဓာတ်ပုံ အဏ်ထော်ဏီ(မော်လမြိုင်) - မမင်းမင်းသက်ဖြိုးနှင့်မင်း ရုပ်ရှင်မိသားစု ဒုတိယအကြိမ် ရဟန်းခံ၊ သီလရှင်ဝတ်အလှူပွဲကို ရွှေမိုးသည်း ရုပ်ရှင်ကြည့်ပရိသတ်များထဲမှ ရဟန်း ၂၃ ပါးနှင့် သီလရှင် ၁၇ ပါးတို့အား**(အပေါ်ပုံ)** ပုဇွန်တောင်မြို့နယ် ရွှေကျင်ကျောင်းတိုက်တွင် ဧပြီ ၉ ရက်၌ ဆံချသင်္ကန်းစည်း၍ ဧပြီ ၁၀ ရက်တွင် သိမ်ဆင်းအလှူတော် မင်္ဂလာ ကျင်းပခဲ့ကြောင်း သိရသည်။ (က-ပ)

ဘုန်းတော်ကြီးသင်ကျောင်းမှ ကလေးငယ်များ မြောက်ဦးမြို့သို့ ဘုရားဖူး သွားရောက်မည်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်ရှိ သာသနာ့ရက္ခိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာတော် ဘဒ္ဒန္တဓေတိက ဦးစီး၍ မိဘမဲ့ကလေးငယ် ကျောင်းသား၊ ကျောင်းသူ ၁၂၀ကျော်တို့သည် ဧပြီ ၂၀ရက်တွင် ရခိုင်ပြည်နယ် ကျောက်တော်နှင့် မြောက်ဦးမြို့များသို့ ဘုရားဖူးသွားမည်ဖြစ်ကြောင်း စုံစမ်းလိုပါက ဖုန်း-၅၆၃၄၁၆ သို့ ဆက်သွယ် နိုင်ကြောင်း သိရှိရသည်။ (က-ပ)

ကလေးဆေးရုံကြီးသို့ ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၁၁

ဩစတြေးလျနိုင်ငံ The Rotary Club of Essendon မှ ရန်ကုန်ကလေးဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၃၅၅၀၀ တန်ဖိုးရှိသော Medical Equipments ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် The Rotary Club of Essendon(Australia) မှ Mrs.Anne Rogers က Medical Equipments ဆေးပစ္စည်းများ လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဦးကျော်လင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ကလေးဆေးရုံကြီး)

မန္တလေးတိုင်း သပိတ်ကျင်းရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၁၁

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ မန္တလေးတိုင်း သပိတ်ကျင်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဧပြီ ၇ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀၀ ဝပ်၊ လိုင်းနံပါတ် ၁၀ ဖြင့် ဧပြီ ၈ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်ကိုင်းမြို့ရှိ အုန်းတောဓာတ်အားခွဲရုံနှင့် ရေဝတီမြစ်ကျော်ဓာတ်အားလိုင်း ဖြတ်သန်းမည့်နေရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ် စမ်းသပ်ရေးဌာနခွဲ(၂) တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်း လျှပ်စစ်အင်ဂျင်နီယာဦးကျော်သောင်းနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ(၂)ဌာနမှူး ဒုတိယဗိုလ်မှူးကြီးသန်းဌေးတို့က ရုံးတည်ဆောက်မည့် မြေအခြေအနေနှင့် အဆောက်အအုံအနေအထားတို့အား ရှင်းလင်းတင်ပြရာ ဝန်ကြီးက မြေနေရာအား အတည်ပြုပေးပြီး(Test lab) ရုံးနှင့် အခန်းဖွဲ့စည်းပုံ စနစ်တကျရှိစေရေး၊ ပတ်ဝန်းကျင်ရှိ သစ်ပင်များမထိခိုက်စေဘဲ ရုံးအဆောက်အအုံ ဆောက်လုပ်ရန်နှင့် သန့်ရှင်းသာယာလှပရေး အထူးဂရုစိုက် တည်ဆောက် သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ ပင်မဓာတ်အားခွဲရုံ(မန္တလေး)သို့ ရောက်ရှိပြီး ခွဲရုံခန်းမ၌ ခေတ္တခွဲရုံမှူး ဦးအုန်းမြင့်က မန္တလေးမြို့နယ် ခုနစ်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အား လျှပ်စစ်ဓာတ်အားပေးနေမှု အခြေအနေများ၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံနှင့် လုပ်ငန်းဖော်ဆောင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင်မန္တလေးမြို့ကို ဓာတ်အားခွဲရုံလေးခုဖြင့် ကွက်ပြည့်မီးလင်းစေရေး စီမံဆောင်ရွက်လျက်ရှိနေကြောင်း၊ ပြည်သူအတွက် လျှပ်စစ်စွမ်းအား အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် Control Room အတွင်းရှိ ဓာတ်အားထိန်းချုပ်မှု စနစ်များနှင့် ခွဲရုံရှိ ဝပ်ရှော့အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)ရှိ 33/11 KV 20 MVA ဓာတ်အားခွဲရုံ(မန္တလေး)သို့ ရောက်ရှိပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းနိုင်က ပြည်ကြီးတံခွန်မြို့နယ်နှင့် စက်မှုဇုန်နယ်မြေအတွင်း လျှပ်စစ်မီးသုံးစွဲမှုနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက် အခြေအနေ၊ စက်မှုဇုန်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေထားရှိမှုအခြေအနေ၊ မြို့နယ်အတွင်း 11 KV ဓာတ်အားလိုင်းအား ဖီဒါကိုးခုမှ မီးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ယနေ့တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား ပြည့်ဝစွာပေးနိုင်ရေးအတွက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူနှင့်လုပ်ငန်းရှင်များပါဝင်သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုအခါ ရန်ကုန်၊နေပြည်တော်၊ မန္တလေး၊ နယ်မြို့နယ်များ မီးတစ်ပြေးညီရရှိရေးအတွက် လျှပ်စစ်စွမ်းအားကို ဘက်စုံမြှင့်တင်ဖော်ဆောင်ပေးလျက် ရှိကြောင်းနှင့် လျှပ်စစ်ဓာတ်အားကို စည်းကမ်းတကျ ရယူအသုံးပြုသွားကြရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေး အလေးထား ဖော်ဆောင်ကြရန် မှာကြားပြီးဝန်ထမ်းများ၊လုပ်ငန်းရှင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး-မုံရွာကားလမ်းမ(၂၆/၂)မိုင်တိုင်ရှိ 230 KV ဓာတ်အားခွဲရုံ (အုန်းတော) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိလာရာ စီမံကိန်း ရှင်းလင်းဆောင်၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) စီမံကိန်းမန်နေဂျာ(၁) ဦးဇော်ရဲမြင့်နှင့် အင်ဂျင်နီယာချုပ် ဦးအေးသော်တို့က 230 KV ဘဲလင်း-အုန်းတော-ညောင်ပင်ကြီး(မုံရွာ)ဓာတ်အားလိုင်း စီမံကိန်းနှင့် စစ်ကိုင်း၊မုံရွာမြို့များသို့ ဓာတ်အားဖြန့်ဖြူးပေးမည့် အခြေအနေများကိုလည်းကောင်း၊ 230 KV ရေဝတီမြစ်ကျော် (၁၃၄၀ မီတာ)/ ၄၃၉၇ ပေကို စစ်ကိုင်းမြို့နယ် လက်ပံဆင်ရွာနှင့် ကမ်းပါးနီ ကျောက်တန်း အနီးမှ လည်းကောင်း၊ 230 KV ချင်းတွင်းမြစ်ကျော် ၇၅၀မီတာ/ပေ ၂၄၆၀ ကို နဂါးတွင်းရွာနှင့် ရွာသစ်ရွာ အနီးမှလည်းကောင်း ဓာတ်အားလိုင်း ဖြတ်သန်းသွယ်ယူမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အုန်းတောခွဲရုံတည်ဆောက်မည့် မြေနေရာ၊ Switch Yard နှင့် Transformer ထားရှိမည့် မြေနေရာများအား လည်းကောင်း၊ ရေဝတီမြစ်ကျော် 230 KV ဓာတ်အားလိုင်း ဖြတ်သန်းသွယ်တန်းမည့် အကွာအဝေးနှင့် မြေအနေအထားတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် ပြည်သာယာ(ကျိုက္ကဆံစုပါဝမ်းတာမွေလေးသံလမ်း အနီး)ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် မဝေ-မလွင် အောင်ပန်းပွဲရုံ ဘုရင့်နောင်မိသားစုက အလှူငွေကျပ်တစ်သိန်းသုံးသောင်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။

(၅၃၅)

အကျဉ်းဦးစီးဌာန၏ ဒုတိယအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပ

အကျဉ်းဦးစီးဌာန၏ ဒုတိယအကြိမ်မြောက် စုပေါင်းရဟန်းခံ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပစဉ်။

(အကျဉ်းဦးစီး)

ရန်ကုန် ဧပြီ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ ဒုတိယအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကို အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာန ဝင်းအတွင်းရှိ အောင်မင်္ဂလာခန်းမ၌ ယနေ့နံနက် ၆နာရီတွင်ကျင်းပရာ အခမ်းအနား ကျင်းပရာသို့ နိုင်ငံတော် ဩဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တနန္ဒဝံသ တိုက်အုပ်ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသနှင့်ပင့်သံဃာတော်များ၊ သီလရှင်များ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ဇနီး၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ဝန်ထမ်းများနှင့်မိသားစုများ၊ဧည့်သည်တော် အလှူဒါယကာ ဒါယိကာမများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ဒုလ္လဘရဟန်း ၇၈ပါး၊သီလရှင်ခုနစ်ပါး၊ရှင်သာမဏေ အပါး ၃၀ နှင့် ယနေ့လွတ်မြောက်လာသော လွတ်လူ ဒုလ္လဘရဟန်း ၂၇ ပါးတို့အား သာသနာဘောင်သို့ သွတ်သွင်းချီးမြှင့်ပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များ နာကြားကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးတို့အမှူးပြုသော အလှူဒါယကာ၊ ဒါယိကာမများက လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆရာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကာ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူလူထုအပေါ် မမှန်မကန်မပြုနိုင်ရေးအတွက် တိုင်ကြားနိုင်သည့်လမ်းကြောင်းများ ဖွင့်ပေးထား

တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျစုံစမ်းစစ်ဆေးမှုပြုလုပ်

ပြစ်မှုကျူးလွန်သူများ၊ မသမာမှုပြုသူဝန်ထမ်းများကို အရေးယူအပြစ်ပေးနေ

ရန်ကုန် ဧပြီ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ်လမ်းညွှန်မှာကြားလျက်ရှိပြီး ဝန်ကြီးဌာနများက ပြည်သူလူထု၏အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သောနည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ်မမှန်မကန် မပြုနိုင်ရေးအတွက်လည်း ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျတိုင်ကြားနိုင်သည့် လမ်းကြောင်းများကိုဖွင့်ပေးလျက်ရှိသည်။ တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျစုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာအပြစ်ပေး အရေးယူလျက်ရှိသည်။

ယင်းသို့ပူးပေါင်းဆောင်ရွက်မှုများအရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ရန်ကုန်တိုင်းရုံးမှ အရာထမ်းရှစ်ဦး၊ အမှုထမ်း ၃၀တို့အား လုပ်ငန်းလိုင်စင် လာရောက်ဆောင်ရွက်သည့်ပြည်သူများထံမှ တရားမဝင်အပိုကြေးငွေတောင်းခံခြင်းကိုသိလျက်နှင့်မတားမြစ်မှု၊ ဟန့်တားခြင်းမပြုဘဲကိုယ်တိုင်ပါဝင်ပတ်သက်မှုနှင့် လုပ်ငန်းလာရောက်ဆောင်ရွက်သူ ပြည်သူများကပေးသည့် တရားမဝင်အပိုကြေးငွေလက်ခံခဲ့မှုတို့ဖြင့် မှတ်တမ်းဝင် သတိပေးခြင်း၊ နှစ်တိုးလစာလျှော့ချခြင်း၊ နောင်ရရှိရန်ရှိသောနှစ်တိုးလစာများကိုရွှေ့လျားစေခြင်း စသည့်ပြစ်ဒဏ်အသီးသီးချမှတ်အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အပြင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းတစ်ဦး၊ အမှုထမ်းသုံးဦးတို့အား တရားမဝင်လိုင်စင်မဲ့ယာဉ်များ၊ သက်တမ်းပြတ်ယာဉ်များအဖြစ် ပြန်လည်မှတ်ပုံတင် ရရှိရေးဆောင်ရွက်ရာတွင် ငွေကြေးကိစ္စပါဝင်ပတ်သက်မှု၊ အင်ဂျင်/ကီယာ ပြောင်းလဲခြင်းအတွက် ငွေကြေးရယူခဲ့မှုတို့ဖြင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း ပြစ်ဒဏ်များ ချမှတ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၀ ၇။ ငါသရောက်ရေလှောင်တမံ
- ၈း၂၀ ၈။ ခါသကြံ့န်အဆိုအကများ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ ခါသကြံ့န်အဆိုအကများ
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၅း၁၅ ၆။ **"အရေးကြီးလို့ပါ" (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
- ၅း၂၀ ၇။ တေးဂီတအစီအစဉ်
- ၅း၃၀ ၈။ ခါသကြံ့န်အဆိုအကများ
- ၅း၄၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ သီရိဂေဟာ
- ၇း၀၀ ၁၃။ Discovery.
- ၇း၁၀ ၁၄။ ခါသကြံ့န်အဆိုအကများ
- ၇း၂၅ ၁၅။ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်[၁၃၆၈ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၅ရက် (နှစ်ဆန်းတစ်ရက်နေ့)]
- ၇း၃၅ ၁၆။ တေးဂီတအစီအစဉ်
- ၇း၄၅ ၁၇။ မြန်မာမှုပန်းဆယ်မျိုး(ပန်းပဲ)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာရုပ်ရှင် "မျက်နှာများတဲ့ကောင်းကင်" (ဆေးရောင်စုံရုပ်ရှင်အကယ်ဒမီ) (ရန်အောင်၊လွင်မိုး၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)]**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

၂၀၀၇ ခုနှစ် ဇွန် ၂၆ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပြိုင်ပွဲတို့ကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲကို မေ ၁၇ရက် နံနက် ၉နာရီနှင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁နာရီတို့တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာ မြည်လာခန်းမ၌ လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း လသာ မြည်လာခန်းမ၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်၁၀နှစ်အောက်၊ အသက်၁၀နှစ်မှ ၁၅နှစ်အောက်၊ အသက်၁၅နှစ်မှ ၂၀အောက်နှင့် အသက်၂၀အထက် ဟူ၍ ပြိုင်ပွဲအဆင့်များကို ခွဲခြားထားသည်။

ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို မေ ၁၅ ရက် နံနက် ၉နာရီတွင် လှိုင်မြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ပြီး အလယ်တန်း(၅/၆/၇)နှင့် အထက်တန်း(၈/၉/၁၀)ဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို ဧပြီ ၂၃ ရက်မှ ၃၀ ရက်အတွင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ကျောက်တံတားမြို့နယ် ဘဏ်လမ်း စုပေါင်းရုံး မြေညီထပ်ရှိ တကယ့်ဖြစ်ရပ်မှန်မှုခင်းဂျာနယ်ရုံးနှင့် သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ထုတ်ယူနိုင်ပြီး မေ ၁ ရက်မှ ၇ရက်အတွင်း အချိန်မီ လူကိုယ်တိုင်ပြန်လည်ပေးပို့ကြရန်ဖြစ်သည်။

လျှောက်လွှာတင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကတ်ပြားကိုလည်း ထုတ်ပေးမည်ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်သူများအနေဖြင့် ကြိုတင်လေ့လာနိုင်ရန် မေ ၁၄ ရက် နံနက် ၈ နာရီတွင် ကွန်ပျူတာတက္ကသိုလ်သို့ လာရောက်သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကျောက်ဆည် ပင်မဓာတ်အားခွဲရုံ(အင်းကုန်း)နှင့် ကျောက်ဆည် ပင်မဓာတ်အားခွဲရုံ(ဘဲလင်း) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း ဝမ်းတွင်းမြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်ထွေးက ဝမ်းတွင်းမြို့ (၃၃/၁၁)ကေဗွီ ဓာတ်အားခွဲရုံသို့ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ မြို့တွင်းသို့ လျှပ်စစ်ဓာတ်အားပေးဝေနေမှု၊ ရုံးဝန်ထမ်းဖွဲ့စည်းမှုနှင့် မြို့နယ်ရုံးသစ် ဆောက်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်သူလိုအပ်သော လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ ပေးဝေဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းစွမ်းဆောင်ကြရေး မှာကြားပြီး (33/11KV) ဓာတ်အားခွဲရုံ ရုံးသစ်ပြန်ဆောက်လုပ်မည့်မြေနေရာနှင့် ရုံးဟောင်းအခြေအနေများ၊ ငွေသွင်းကောင်တာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ရှိ ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံ(အင်းကုန်း)သို့ ရောက်ရှိလာရာ ခွဲရုံရှင်းလင်းခန်းမ၌ ခွဲရုံမှူး ဦးလှထွန်းက (၁၃၂/၃၃/၁၁)ကေဗွီ (60 MVA)ကျောက်ဆည် ပင်မခွဲရုံ အခြေအနေ၊ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဓာတ်အားဖြန့်ဝေပို့လွှတ်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးအား မန္တလေးတိုင်း တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သောင်းက အင်းကုန်းခွဲရုံ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရေး စီမံထားရှိမှုများ၊ အင်းကုန်းခွဲရုံသို့ ပြင်ဦးလွင်၊ ကျောက်ဆည်၊ သာစည်၊ ကင်းတားနှင့် မြင်းခြံခွဲရုံများမှ လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အလေးထား

ထို့နောက် ဝန်ကြီးက ကျောက်ဆည်ဒေသသည် စက်ရုံအလုပ်ရုံများဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေးကို အထောက်အပံ့ ပိုမိုအကျိုးပြုနိုင်ရန်၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရန်နှင့် ဓာတ်အားပြတ်တောက်မှု မရှိစေရေး အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်းရှိ ၃၃ KV Remots Control Panel ဖီဒါခုနစ်ခုမှ ဖီဒါငါးခုသုံးစွဲနေမှုနှင့် ၁၁ KV VCR PANEL ဖီဒါ လေးခု တပ်ဆင်ပြီးစီးနေမှုများ၊ Switch Yard အတွင်းရှိ ၂၀ MVA ထရန်စဖော်မာ သုံးလုံးနှင့်ဖီဒါခုနစ်ခုတို့ကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာလေးခန်းတွဲဆောက်လုပ်မည့် မြေနေရာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသစ် ဆောက်လုပ်မှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုံးသစ်ခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် မြို့နယ်ရုံးအဟောင်းနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် (500KV)ကျောက်ဆည် ပင်မဓာတ်အားခွဲရုံ(ဘဲလင်း) တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိလာရာ ရှင်းလင်းခန်းမ၌ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (မြောက်ပိုင်း)စီမံကိန်းမန်နေဂျာ (၁) ဦးဇော်ရဲမြင့်က စီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း)စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ရွှေက ရွှေလီ၊ ဘဲလင်း၊ ရဲရွာဓာတ်အားလိုင်း ဦးစားပေး တည်ဆောက်နေမှု အခြေအနေများ၊ ရဲရွာမှ မိတ္ထီလာသို့ ၂၃၀ ကေဗွီ နှစ်လိုင်းဖြင့် ဓာတ်အားတိုင်များတည်ဆောက်နေသည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခုကျောက်ဆည် ပင်မခွဲရုံ(ဘဲလင်း) စီမံကိန်းသည် အကြီးဆုံးစီမံကိန်းဖြစ်၍ စနစ်တကျ အလေးထားလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်ဝစွာ အောင်မြင်ပြီးမြောက်ရန် အရေးကြီးကြောင်း၊ ဦးစားပေး လုပ်ငန်းအနေဖြင့် ရွှေလီ-မန်စံ-ရွှေစာရံ ၂၃၀ ကေဗွီလိုင်း၊ မိတ္ထီလာ-တောင်တွင်းကြီး ၂၃၀ကေဗွီလိုင်းနှင့် ဘဲလင်း၊ မုံရွာ၊ အုန်းတော၊ ငှက်ပျော တိုင်းခွဲရုံ စီမံကိန်းများ ဦးစားပေးအလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဆောက်လုပ်ဆဲ ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ်စုဥ္ဆုဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဧပြီ ၁၁

အင်းစိန်မြို့နယ်မှ ၂၀၀၆ ခုနှစ် ပထမပြန် စာမေးပွဲတွင် အောင်မြင်တော်မူကြသော သံဃာတော် ၁၇၄ပါး တို့အား အောင်လက်မှတ်၊ ဆွမ်းဆန်တော်အတွက် ဆုတော်ငွေ၊ မြို့နယ်မှ ထပ်ဆောင်းအလှူငွေများ ဆက်ကပ်သည့် စုဥ္ဆုဘွဲ့နှင်းသဘင်ကို မတ် ၂၇ရက် မွန်းလွဲ ၂နာရီက ရွာမပရိယတ္တိစာသင်တိုက် အာဟာရဒါယီဆွမ်းစားကျောင်းဆောင်အပေါ်ထပ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒကထာ မိန့်ကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။ ထို့နောက် ကြွရောက်လာကြသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ လှူဒါန်း၍ စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့်အတူ ဆုတော်ငွေများ၊ ထပ်ဆောင်းအလှူငွေများကို လှူဒါန်းပြီး ရေစက်သွန်းချ အမျှဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

ဧပြီ ၉ရက်က ဒလမြို့နယ်လုံးဆိုင်ရာ (၁၈)ကြိမ်မြောက် စုဥ္ဆုဘွဲ့နှင်းသဘင် အခမ်းအနားကို မြို့နယ်သီရိဇေယျ အနော်ရထာခန်းမ၌ ကျင်းပရာ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်ဇနီးတို့က စာဖြေအောင်မြင်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား ဘွဲ့အောင်လက်မှတ်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၅၂၉)

မူကြိုဆရာအတတ်ပညာသင်တန်း အပတ်စဉ်(၁၅)ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၁

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြိုကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် တက်ရောက်သူများက သင်တန်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စံပြမူကြို ဆရာအတတ်ပညာရေး သင်တန်းအပတ်စဉ် (၁၅)ကို မေ ၃ရက်မှ မေ ၃၀ရက်အထိ(စနေ၊ တနင်္ဂနွေမပါ) နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတွင် ဖွင့်လှစ် ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက် လိုသူများသည် ယနေ့မှစ၍ ရုံးချိန်အတွင်း အထက်ပါ ဌာနတွင် လျှောက်ထားနိုင်သည်။

လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် သင်ရိုးများနှင့်အညီ သင်ကြားပို့ချသွားမည်ဖြစ်ရာ မူကြိုပညာရေးကို စိတ်ပါဝင်စားသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘများ သင်တန်းတက်ရောက်နိုင်ကြောင်းနှင့် သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် ပဋ္ဌနိကာယကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ တေဇောဘာသအား အမှူးထား၍ ကျောင်းတိုက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို မတ် ၂၀ရက်က ကျင်းပပြီး သဃ်န်းကျွန်းမြို့နယ် အောင်အောင်(မိတ်ကပ်ဆံပင် အလှပြုပြင်ရေး)မှ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့က မှတ်တမ်းတင် ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၁၁

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် တဆေးပင်အလှကျေးရွာ၌ ဧပြီ ၃ရက် မွန်းတည့်ချိန်ခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၇ လုံး မီးလောင်ဆုံးရှုံးသွားခဲ့ကြောင်း။

မကွေးတိုင်း မြိုင်မြို့နယ် ဗဟင်းကျေးရွာ၌ ဧပြီ ၃ရက် ညနေ ၃နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၇၇လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် လူ ၃၂၇ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း။

မကွေးတိုင်း မြိုင်မြို့နယ် ဝယ်တောင်ကျေးရွာ၌ ဧပြီ ၃ရက် ညနေ ၅နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်နှစ်လုံးနှင့် ဈေးဆိုင်သုံးခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး လူလေးဦး မီးလောင်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၄၀ ၁၀။ ခါသကြ်ာန်အဆိုအကများ
၅:၅၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ခါသကြ်ာန်အဆိုအကများ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀ ၁၇။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်"(အပိုင်း-၃၉)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ကုန်သွယ်သုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်"(အပိုင်း-၁၉)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေ ဖခင်ကြီး ဦးအေးကျော်အားရည်စူး၍ ဒေါ်ခင်ခင်သန်း နှင့်သားသမီး၊ မြေးတစ်စုက အလှူတော်ငွေကျပ်တစ်သိန်းကို ဆက်ကပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်ဆရာတော်(မဟာသိမ်တော်ကြီး စာချ-နာယက) ဦးဂန္ဓသာရ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပေါင်းတလည် မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန် ဧပြီ ၁၁

(၂၉) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း တရားပွဲများကို အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်သင်တန်းနှင့် ဝိပဿနာအလုပ်ပေး ခန္ဓာဉာဏ်ရောက်သစ္စာလေးပါးမြတ်တရားကို ပြည်ခရိုင် ပေါင်းတလည်မြို့ ကုန်းဇင်းကျောင်းရွာ မိုးကုတ်ဝိပဿနာ(အဖွဲ့ခွဲ ၁၇၉) သဒ္ဓမ္မမဍ္ဍိကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဉာဏဗလသဒ္ဓမ္မဇောတိကဓဇ (သာသနဓဇဓမ္မာစရိယ)မိုးကုတ်ဝိပဿနာနယ်လှည့် ဓမ္မကထိကအရှင်မြတ်သည် ဧပြီ ၁၉ရက်မှ ၂၅ရက်အထိဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ ဖုန်း-၀၅၃-၂၆၃၆၃/ ၀၉၅-၃၁၁၃၆၃ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုး စီးပွားတိုး

ရိုးရာမပျက် ရှင်သန်ဖြစ်ထွန်းနေသည့်ရွှေမျက်ပါး(ရွှေဆိုင်း)လုပ်ငန်း

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ရွှေမျက်ပါး(ရွှေဆိုင်း)တို့ကို အဓိကခတ်ရာ မျက်ပါးရပ်မှာ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်တွင် တည်ရှိသည်။ ရွှေမျက်ပါး(ရွှေဆိုင်း) ခတ်သည့်လုပ်ငန်းသည် မြန်မာ့ သမိုင်းခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ပြီး ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်ဆက်အသီးသီးမှ ယနေ့ထက်တိုင် ဆက်လက်ထွန်းကားနေဆဲဖြစ်သည်။

ရွှေမျက်ပါး(ရွှေဆိုင်း)ကို စေတီပုထိုးနှင့် ရုပ်ပွားတော်များ ရွှေချသပ္ပာယ်ခြင်း၊ ကျောင်းတော်များ၏ မျက်နှာကျက်၊ နံရံများနှင့် တိုင်လုံးများ ရွှေရေးခြယ်သခြင်း၊ မင်းခမ်းတော်များတွင် ခြယ်သအသုံးပြုခြင်း၊ မြန်မာ့တိုင်းရင်း ပရဆေးအချို့တွင် ထည့်သွင်းဖော်စပ်အသုံးပြုခြင်းတို့အထိ အသုံးပြုနေကြသည်။

ရွှေဆိုင်းလုပ်ငန်း၌ အဓိကအသုံးပြုရသည်မှာ ၉၈ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ သန့်စင်သည့်လုပ်ငန်း အခေါ်(မီးလင်းရွှေ)အမျိုးအစားဖြစ်ကြောင်း၊ ရွှေသုံးမတ်သား (၀ ဒသမ ၇၅) ကျပ်သားရှိ ရွှေစင်တုံးကို ရေးဦးစွာ ၀ ဒသမ ၇၅ လက်မ ဖြက်ရှိသော အရှည်ငါးပေ အရွယ်အစားထိ ရရှိအောင် နန်းကြိတ်စက်ဖြင့် နန်းဆွဲရကြောင်း၊ ရရှိလာသောနန်းပြားအရှည်ငါးပေကို အပိုင်းအစပေါင်း ၂၀၀ ရရှိအောင် အညီအမျှပိုင်းဖြတ်၍ ရွှေသားတစ်ထပ်၊ ဝါးစက္ကူတစ်ထပ် အဆင့်ဆင့်ထပ်ကာ သမင်ရေဖြင့်ထုပ်၍ ရွှေထုခတ်သူက ခြောက်ပေါင်တူဖြင့် ပထမအကြိမ် နာရီဝက်ကြာ ထုခတ်ရကြောင်း ဤသည်ကို အသေးထုဟု ခေါ်ကြောင်း ဂဠုန်မင်းရွှေဆိုင်းလုပ်ငန်းရှင် ဦးအုန်းမောင်က ရှင်းလင်းပြောကြားသည်။

ရွှေဆိုင်းခတ်ခြင်းလုပ်ငန်းမှာ နန်းဆွဲသည့် အဆင့်တွင်သာ စက်ကိရိယာကို အသုံးပြုပြီး ကျန်အဆင့်တိုင်း၌ လက်မှုလုပ်ငန်းသာဖြစ်သည်၊ သမင်ရေ၊ ဆတ်ရေ၊ ဂျို (ချေ)သားရေများကို အသုံးပြုရခြင်းမှာ ထုနှက်မှုကို ကောင်း စွာခံနိုင်ရည်ရှိပြီး ထုနှက်ရာမှ ထွက်ပေါ်လာသည့် အပူရှိန်ကိုကောင်းစွာရရှိစေရန်ဖြစ်သည်။ ရွှေပြားပြန့်ကားမှုမှာလည်း ထုနှက်ရာမှ ထွက်ပေါ်လာသည့် အပူရှိန်ကြောင့်ပင် ဖြစ်သည်။ ပထမအကြိမ်ထုခတ်ပြီး ပြန့်ကားလာသည့် ရွှေပြားတစ်ချပ်ကို ခြောက်စိတ်အညီအမျှပိုင်းကာ ဝါးစက္ကူတစ်ထပ်၊ ရွှေတစ်ထပ် အစိတ်အပိုင်းပေါင်း ၁၂၀၀ရရှိအောင် ပြုလုပ်ပြီး သမင်ရေဖြင့်ထုပ်ကာ ခြောက်ပေါင်တူဖြင့်ပင် ဒုတိယအကြိမ် နာရီဝက်ကြာ ထုခတ်ရပြန်သည်။ဤသည်မှာ ဒုတိယအကြိမ် အသေးထုခြင်းဖြစ်ပြီး ဤအသေးထု နှစ်ကြိမ်ထုရာတွင် အင်အားကို အဓိက အသုံးပြုရကြောင်း သိရသည်။

အသေးနှစ်ကြိမ်ထုပြီးပါက ရရှိလာသည့် ရွှေပြားများကို ၅" X ၅"-အရွယ် ဝါးစက္ကူဖြင့် ရွက်ရေပေါင်း ၇၂၀ရရှိအောင် ခွဲခြားထည့်သွင်းကာ သမင်ရေဖြင့် ထုပ်ပိုး၍ တစ်ဆိုင်းလျှင် ထုခတ်သူ သုံးဦးပါအဆိုင်းဖြင့် တစ်ဆက်တည်း ငါးနာရီကြာထုခတ်ရသည်။နောက်ဆုံးအကြိမ် ထုခတ်ခြင်းဖြစ်ပြီး အရေးအကြီးဆုံးအဆင့်ဖြစ်ကြောင်း၊ ဤသည်ကို အကြီးထုသည်ဟု ခေါ်ကြောင်း၊ ဤအဆင့်တွင် ရိုးရာအချိန်မှတ်စနစ်ဖြစ်သည့် ရေနာရီကိုအသုံးပြုကြောင်းသိရသည်။

ဤထုခတ်သည့် အဆင့်များတွင် အမျိုးသားများသာ လုပ်ကိုင်ရကြောင်း၊ တတိယအကြိမ် (အကြီးထု)ထုခတ်ပြီး ရရှိလာသည့် ရွှေမျက်ပါးများသည် အနုနယ်ဆုံးအဆင့်ဖြစ်ပြီး လေလုံခန်းတွင် အမျိုးသမီးများက ၂"X ၂"၊ ၁½"X ၁½"၊ ၁ $\frac{၃}{၄}$" X ၁ $\frac{၃}{၄}$ "စသည့် အရွယ်ကလေးများရအောင်ပြုပြင်ပြီး ကောက်ရိုးစက္ကူ



ရွှေဆိုင်းလုပ်ငန်း၏ ပထမအဆင့် အလေးချိန် ၀ ဒသမ၇၅ ကျပ်သားရှိ ရွှေသားကို နန်းကြိတ်စက်ဖြင့် နန်းဆွဲစဉ်။

တွင် ရွှေဖြည့်ကပ်ကာ အသုံးပြုသည့်ရွှေဆိုင်း အဖြစ် ပြုလုပ်ကြကြောင်း၊ ရွှေပြင်သည်ဟုခေါ်ကြောင်း၊ ရွှေဆိုင်းတစ်ဆိုင်းလျှင် အရွယ်အစားအလိုက် ရွက်ရေ ၁၀၀ပါ ရှိကြောင်း၊ ရွှေသုံးမတ်သားကို ရွှေဆိုင်းခတ်ပါက ရွှေဆိုင်း ရွက်ရေ ၁၈၀၀ နီးပါး ထွက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရွှေဆိုင်းလုပ်ငန်းတွင် အဓိကကျသည့် ကုန်ကြမ်းမှာ ဝါးစက္ကူဖြစ်ကြောင်း၊ မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေးတစ်လျှောက်တွင်ပေါက်သည့် တစ်နှစ်သားအရွယ်မျှင်ဝါးကို မဖောက်ထုံးရည်တွင် သုံးနှစ်ကြာစိမ်ပြီး ရရှိသည့်ပျော့ဖတ်ကို အသုံးပြုကာ လက်မှုပညာဖြင့် စက္ကူဖြစ်အောင် ပြုလုပ်ရကြောင်း၊ ပျော့ဖတ်ဖြစ်

ရွှေဆိုင်းထုခတ်ခြင်း ပထမအသေးထုလုပ်ငန်းဖြစ်သည့် ခြောက်ပေါင်တူဖြင့် နာရီဝက်ကြာထုခတ်မှုကို ကမ္ဘာလှည့်များ၊ ဧည့်သည်များ လေ့လာကြစဉ်။

လွယ်အောင် ဓာတုဆေးများသုံး၍ လည်းကောင်း၊ စက္ကူဖြစ်အောင် စက်ကိရိယာများသုံး၍ ရနိုင်သော်လည်း လုပ်ငန်းသဘာဝအရ မသင့်ကြောင်း၊ ထို့ကြောင့် ရိုးရာနည်းကို အသုံးပြုရကြောင်း၊ နောက်ဆုံးအဆင့်ရွှေပြင်ရာတွင် အသုံးပြုသည့်ကောက်ရိုး စက္ကူမျက်နှာပြင်ရှိ အမျှင်ကလေးများ၏ ဆွဲအားသက်သက်ဖြင့်သာ ရွှေဆိုင်းမှာ စွဲကပ်ပြီး မည်သည့်ကော်အမျိုးအစားမျှ အသုံးပြုခြင်း မရှိကြောင်း၊ စေတီနှင့် ရုပ်ပွားတို့ကို ရွှေသပ္ပာယ်(ရွှေချ)သည့်အခါတွင် အသုံးပြုသော သစ်စေး၏ ဆွဲအားက ကောက်ရိုးစက္ကူရှိ အမျှင်များ၏ ဆွဲအားထက် ပိုမို၍ ရွှေဆိုင်းမှာ တစ်ဖက်သို့ စွဲကပ်သွားခြင်းဖြစ်ကြောင်း၊ ဤဒေသတွင် ဝါးစက္ကူလုပ်ငန်းလုပ်ကိုင်သူ ငါးဦးခန့်ရှိကြောင်း ပြောကြားသည်။

ရွှေဆိုင်းသွန်းခတ်မှု အဆင့်တိုင်းတွင် ပါဝင်သည့် ဝါးစက္ကူများ၏ မျက်နှာပြင်ချောမွတ်မှသာ ရွှေပြန့်အားကောင်းမွန်သည့်အလျောက် ဝါးစက္ကူမျက်နှာ ချောမွတ်စေရန်နှင့် ရွှေပြင်ရာတွင် စေးကပ်မှုကင်းစေရန်အတွက် ကံ့ကူဆံကျောက်မှုန့်ကိုလည်း အသုံးပြုရကြောင်း။ မိမိတို့ရွှေဆိုင်း လုပ်ငန်းတွင် အသုံးပြုသည့် ရွှေရည်မှာ ၁၀၀ ရာခိုင်နှုန်းနီးပါး သန့်စင်မှသာ ဝါးစက္ကူ အဆင့်ဆင့်ထပ်၍ ခတ်ရကြောင်း၊ လက်ဝတ်လက်စားပြုသည့် ၁၅ပဲရည် ရွှေဖြစ်ပါက ရွှေမာနေ၍ ပြန့်ကားမှုကောင်းစွာ မရရှိကြောင်း၊ ရွှေဆိုင်း များတွင် လက်ရာအရ ကွာခြားနိုင်သော်လည်း ရွှေရည်မှာ အားလုံးအတူတူပင်ဖြစ်ကြောင်းဖြင့် လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပုံ၊ ကုန်ကြမ်းအသုံးပြုပုံတို့ကို အသေးစိတ် သိရှိခဲ့ရသည်။

မျက်ပါးရပ်တွင်ရွှေဆိုင်းလုပ်ငန်းလုပ်ကိုင်သူလုပ်သားအင်အား အမျိုးသား၊ အမျိုးသမီး ၅၀၀ ကျော်ရှိကြောင်း၊ ရွှေဆိုင်းလုပ်ငန်းရှင် ၁၂၀ကျော် ရှိပြီး အဆင့်အားလုံးပြီးစီးအောင် လုပ်ကိုင်သည့်ရုံ ၂၀ကျော်ရှိကြောင်း၊ ရွှေဆိုင်းခတ်လုပ်ငန်းတွင် လုပ်သားများအနေဖြင့် သစ္စာရှိ၍ ရိုးသားရန်လိုကြောင်း၊ ရွှေပြင်သူ အမျိုးသမီးများမှာ စိတ်ရှည်ရန်လိုကြောင်း၊ ပွင့်လင်းရာသီဖြစ်သည့် တန်ဆောင်မုန်း၊ နတ်တော်နှင့် ပြာသိုလများတွင် အလုပ်များကြောင်း၊ မြန်မာတစ်ပြည်လုံးတွင် ဤဒေသတစ်ခု တည်း၌သာ ရွှေဆိုင်းလုပ်ငန်းကိုစုစုစည်းစည်းဖြင့် လုပ်ကိုင်ကြောင်း၊ အခြားတစ်ပါးသော အရပ်ဒေသများမှ ပညာလာသင်ကြသူများအနေဖြင့် မိမိတို့ဒေသတွင် လုပ်ငန်းလုပ်ကိုင်ရန် အခြေအနေမရှိကြောင်း၊ လုပ်ငန်းအဆင့်တိုင်းသည် (နန်းဆွဲ၊အကြီးထု၊အသေးထု၊ ဝါးစက္ကူ)စသည့်မိမိတို့ကျွမ်းကျင်ရာအစိတ်အပိုင်းအလိုက် ခွဲခြားလုပ်ကိုင်ကြပြီးမှ စုပေါင်းလုပ်သည့် သဘောရှိခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းသည် ဆရာစဉ်ဆက်မိသားစုစဉ်ဆက် အဆင့်ဆင့်ဆက်ခံကြသောကြောင့် ဤဒေသတွင် ခိုင်မြဲတည်တံ့ရှင်သန်ဖြစ်ထွန်းနေပါကြောင်းဟု ပြည့်စုံစွာ ရှင်းလင်းပြောကြားသည်။

မြန်မာ့ရိုးရာ လက်မှုပညာအမွေအနှစ်တစ်ရပ်ဖြစ်သည့် ရွှေဆိုင်းလုပ်ငန်းသည် ဈေးကွက်ကျယ်ပြန့်ပြီး တွင်တွင် ကျယ်ကျယ် ဆောင်ရွက်လျက်ရှိသော မိရိုးဖလာရိုးရာအမွေအနှစ်တစ်ခုဖြစ်သည်။ ထို့ပြင် ထာဝစဉ်တည်တံ့ ခိုင်မြဲကာ စည်ပင်ပြန့်ပွားနေဦးမည့် လုပ်ငန်းတစ်ရပ်လည်းဖြစ်ပါသည်။ ॥



လေလုံခန်းအတွင်း ရွှေဆိုင်းအရွယ်အစားအမျိုးမျိုးကို ပြုပြင်ထုပ်နေသည့် အလုပ်သမများ။

မြန်မာ့ရိုးရာ လက်မှုပညာ အမွေအနှစ်တစ်ရပ်ဖြစ်သည့် ရွှေဆိုင်းလုပ်ငန်းသည် ဈေးကွက်ကျယ်ပြန့်ပြီး တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိသော မိရိုးဖလာ ရိုးရာ အမွေအနှစ်တစ်ခုဖြစ်သည်။ ထို့ပြင် ထာဝစဉ် တည်တံ့ခိုင်မြဲကာ စည်ပင်ပြန့်ပွားနေဦးမည့် လုပ်ငန်းတစ်ရပ်လည်းဖြစ်။

(၁၄၈၁)ကြိမ်မြောက် တမန်တော်မွေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၁

တမန်တော်မွေးနေ့ ကျင်းပရေးဗဟိုကော်မတီ (ကျိုလီယာမွတ်စလင်မ်)က ကြီးမှူး ကျင်းပသည့် (၁၄၈၁) ကြိမ်မြောက် တမန်တော်မွေးနေ့ အခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ကျိုလီယာဂျာမေဗလီဂေါပကခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အလ်ဟာဂျီဦးတင်ဦးက အမှာစကားပြောကြားပြီး သာသနာရေးဝန်ကြီးဌာနမှ ဒုတိယပါမောက္ခချုပ် (စီမံ)ဒေါက်တာမြင့်ကြည်က ဂုဏ်ပြုအမှာစကားပြောကြားကာ (၁၄၈၁)ကြိမ်မြောက် တမန်တော်နေ့ ဝတ်ပြုဆုတောင်းပွဲကို အစီအစဉ်အတိုင်းကျင်းပကြသည်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဌေးမြင့်တို့က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဿက ၃၁ လမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၁

တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် အဿက ၃၁ လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဧပြီ ၉ ရက် နံနက်က အဆိုပါလမ်းထိပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က အဖွင့်အမှာစကာပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားသည်။ ၎င်းနောက်အလှူရှင်ဦးမြင့်ဆန်းက အလျား ၆၆၂ ပေ၊ အကျယ် ၁၀ ပေ၊ ကုန်ကျငွေကျပ်သိန်း ၄၀ ကို တစ်ဦးတည်း ဒုတိယအကြိမ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် အလှူရှင်ဦးမြင့်ဆန်းတို့က ကမ္ပည်းကျောက်စာအား နံ့သာရည်ပက်ဖျန်းပြီး ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် လမ်းအလှူရှင်တို့က အဿက ၃၁ လမ်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုကာ လမ်းဖြစ်မြောက်ရေး အထိမ်းအမှတ်အလံကို မြို့နယ်ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့အား အလှူရှင် ဦးမြင့်ဆန်းက ပေးအပ်လိုက်သည်။ (၆၃)

ရခိုင်ရိုးရာ နံ့သာသွေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မဝိဟာရလမ်းနှင့် ကျားကွက်သစ်လမ်းထောင့် အမက(၂၈) ကျောင်းတွင် စတုတ္ထအကြိမ်မြောက် ရခိုင်ရိုးရာ နံ့သာသွေးပွဲကို ဧပြီ ၁၂ရက် ညနေ ၆နာရီမှ ၉နာရီအထိ ကျင်းပပြီး ရခိုင်ရိုးရာ ယိမ်းအကများဖြင့် ကပြဖျော်ဖြေမည်ဖြစ်သည်။

ဘုရား ရေသပ္ပာယ်ပွဲ၊ ဆွမ်း ဆန်တော် ပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၁၃ရက် ညနေ ၄နာရီတွင် ကျင်းပပြီး နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ လှည့်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ထူးခြားသည့် နေ့အပူချိန်များ

(၁၁-၄-၂၀၀၇)

သာယာဝတီ

၄၄ ဒီဂရီစင်တီဂရိတ်
(၁၁၁ ဒီဂရီဖာရင်ဟိုက်)

ချောက်၊ ပြည်၊ မှော်ဘီနှင့် ဘားအံ

၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၄ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်

၃၉ ဒီဂရီစင်တီဂရိတ်
(၁၀၃ ဒီဂရီဖာရင်ဟိုက်)

အင်တာနက် အားကစားသတင်းများ

ချယ်လ်ဆီးအသင်းက ဗလင်စီယာကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်ခွင့်ရ

ဗလင်စီယာ(စပိန်) ဧပြီ ၁၁

အင်္ဂါနေ့က ယှဉ်ပြိုင် ကစားသည့် ချန်ပီယံလိဂ် ဒုတိယအကျော့ ကွာတားဖိုင်နယ်ပွဲတွင် ချယ်လ်ဆီးအသင်းသည် ယှဉ်ပြိုင်ဘက် ဗလင်စီယာအသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်ခွင့်ရသွားပြီဖြစ်သည်။

အပေါ်စီးမှဖိထား

ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီးအချိန်တွင် မိုက်ကယ်အက်စိန်က သွင်းယူပေးလိုက်ခြင်းဖြစ်သည်။ ပွဲကစားချိန် ပထမပိုင်းတွင် ချယ်လ်ဆီးအသင်း၏ ကစားကွက်မှာ မထိရောက်လှဘဲ ဗလင်စီယာအသင်းက အပေါ်စီးမှဖိထားသည့် အခြေအနေရှိသည်။

ပထမပိုင်းပွဲပြီးခါနီး ၁၃ မိနစ်အလိုတွင် ဗလင်စီယာအသင်းမှ ဖာနင်ဒိုမော်ရီယင်တက်စ် ကန်သွင်းလိုက်သောဘောလုံးကြောင့် ချယ်လ်ဆီးအသင်းသည် တစ်ဂိုးပေးရကာ အရှုံးနှင့်ကစားနေခဲ့ရသည်။

အနိုင်ရရှိ

သို့ရာတွင် ဒုတိယပိုင်းပွဲကစားချိန်တွင် ချယ်လ်ဆီးအသင်းသည် ကစားကွက်မိလာသည်။ ပွဲကစားချိန် ၅၂မိနစ်တွင် ရှက်ဗ်ချင်ကို ကန်သွင်းလိုက်သော ဘောလုံးကြောင့် ချယ်လ်ဆီးအသင်း ချေပဂိုးရသွားသည်။ နောက်ပိုင်း ချယ်လ်ဆီးအသင်းမှ ဖိကစားထားချိန်တွင် ပွဲပြီးခါနီး၌ ဂိုးစည်းအတွင်းမှ အက်စိန် ကန်သွင်းလိုက်သောဘောလုံးကို ဗလင်စီယာဂိုးသမား မည်သို့မျှ မကာကွယ်လိုက်နိုင်သဖြင့် ချယ်လ်ဆီးအသင်းက ၂-၁ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

အင်တာနက်

ချယ်လ်ဆီးအသင်းမှ ဖရန့်လမ်းပတ် (ယာ)**နှင့် ဗလင်စီယာအသင်းမှ ဒေးဗစ်အယ်လ်ဘီဒါတို့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲတွင် အပြိုင်ခေါင်းတိုက်ကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

မန်ချက်စတာယူနိုက်တက်က ရိုးမားကို ဂိုးပြတ်နိုင် ခုနစ်ဂိုးတစ်ဂိုးဖြင့်နိုင်ကာ ဆီမီးဖိုင်နယ်တက်

မန်ချက်စတာ ဧပြီ ၁၁

မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် ဥရောပ၌ နှစ် ၅၀ အတွင်း ကစားသောပြိုင်ပွဲများတွင် ယမန်နေ့ပွဲသည် အကောင်းဆုံးကစားသွားသောပွဲပင်ဖြစ်ပြီး တစ်ဖက်ရိုးမားအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အပြတ်အသတ် အနိုင်ယူကာ ချန်ပီယံလိဂ်ဖလား အကြိုဗိုလ်လုပွဲဆီသို့ တက်လှမ်းသွားပြီဖြစ်သည်။

ပထမအကျော့ကစားစဉ်က မန်ယူအသင်းသည် ရိုးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးထားပြီး နောက်မှလိုက်နေရသော်လည်း အင်္ဂါနေ့ပွဲတွင် ဂိုးပြတ်ဖြင့် နိုင်လိုက်သဖြင့် နှစ်ပွဲပေါင်း ၈ဂိုး-၃ဂိုးဖြင့် မန်ယူက အနိုင်ရသွားခြင်း ဖြစ်သည်။

ရီးယဲလ်မဒရစ်အသင်းသည် ၁၉၅၇-၅၈ ခုနှစ်က ဆီဗီလာအသင်းကို ၈-၀ဂိုးဖြင့် အနိုင်ရခဲ့ဖူးသည်။ ထိုပွဲပြီးလျှင် အင်္ဂါနေ့က ကစားသော မန်ယူနှင့်ပွဲသည် ဥရောပဖလားပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ နှစ်မျိုးစလုံးတွင် ဂိုးအပြတ်ဖြင့် အနိုင်ရသွားသော ပွဲပင်ဖြစ်သည်။

ပွဲစကစားပြီး ၁၀ မိနစ်သာသာနှင့် မိနစ် ၂၀ မပြည့်မီ အချိန်အတွင်း မန်ယူအသင်းသားများသည် ရိုးမားဂိုးအတွင်းသို့ သုံးဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့သည်။

မိုက်ကယ်ကားရစ်က ၁၂မိနစ်တွင်လည်းကောင်း၊ စမစ်က ၁၇မိနစ်တွင်လည်းကောင်း၊ ဝိန်းရူနီက ၁၉မိနစ်တွင်လည်းကောင်း အသီးသီး တစ်ဂိုးစီ သွင်းယူခဲ့ကြခြင်းဖြစ်သည်။

မန်ယူအသင်းမှ ဒါရင်ဖလက်ချာ (ဘယ်)**နှင့် ရိုးမားအသင်းမှ မီကိုဗူစင်နစ်တို့ ဘောလုံးကို အပြိုင်လုကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

သတ္တမဂိုး

ခရစ်တီယာနို ရော်နယ်ဒိုသည် မန်ယူအသင်းအတွက် ပထမပိုင်း ၄၄ မိနစ်တွင် တစ်ဂိုးသွင်းပေးပြီး ဒုတိယပိုင်း ၄၉ မိနစ်တွင် နောက်တစ်ဂိုး ထပ်မံသွင်းပေးပြန်သည်။ ကားရစ်က မိနစ် ၆၀ တွင် နောက်ထပ်တစ်ဂိုး ထပ်မံသွင်းပြီး ကစားချိန် ၈၁ မိနစ်တွင် ပါထရစ်အီဗရာက မန်ယူအသင်းအတွက် သတ္တမဂိုးကို သွင်းယူခဲ့သည်။

ရိုးမားအသင်းအတွက် တစ်လုံးတည်းသောဂိုးကို ဒါနီလီဒီရိုစီက ပွဲကစားချိန် ၆၉ မိနစ်တွင် သွင်းပေးခဲ့သည်။

မန်ယူအသင်း မန်နေဂျာ ဆာအဲလက် ဖာဂူဆန်က ယနေ့ကစားသောပွဲသည် မိမိအသင်းအတွက် အလွန်ကျေနပ်စရာကောင်းသော ပွဲပင် ဖြစ်ပါသည်ဟု သတင်းသမားများကို ပြောကြားသွားသည်။

အောင်ပွဲရရှိသွားသော မန်ယူအသင်းသည် ဆီမီးဖိုင်နယ်ပွဲကို အေစီမီလန် သို့မဟုတ် ဘိုင်ယန်မြူးနစ်အသင်း တစ်သင်းသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အင်တာနက်

မဟာသင်္ကြန် ရုပ်ရှင်ကားသစ်ရုံမဝင် ငါ့မှား၊ ငါ့သွေး၊ ငါ့ရောဝတီ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၁၁

ယခုသောကြာပတ် ဧပြီ ၁၃ ရက် မြန်မာသင်္ကြန်အကြိုနေ့တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ ရုံတင်ခြင်းမရှိဘဲ ပြသဆဲ မြန်မာဇာတ်ကားများဖြစ်သည့် **"ငါ့မှား၊ ငါ့သွေး၊ ငါ့ရောဝတီ"** ဇာတ်ကားသာ ရှေ့ဆောင်တစ်ရုံတည်း ဆက်လက်ပြသမည်ဖြစ်သည်။

မြန်မာဇာတ်ကားသစ်

မြန်မာရုပ်ရှင်ဇာတ်ကားသစ် **"ကက်ကင်း"** ကို (မြန်မာနှစ်ဆန်း ၁ ရက်) ဧပြီ ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားသည် ပေပါမွန်းရုပ်ရှင်ထုတ်လုပ်ရေးမှ အကယ်ဒမီငြိမ်းမင်းဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးထားသည့် ဇာတ်ကားကောင်းဖြစ်သည်။

မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ရုံတင် ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားသစ် ကက်ကင်းမှ ဒွေးနှင့် ကျော်ရဲအောင်တို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

ဇာတ်လမ်းမှာ အမြွှာသမီးနှစ်ယောက်၏ အိမ်ထောင်ရေးကို မိမိစိတ်တိုင်းကျ ဖန်တီးယူလိုသော ဖခင်မုဆိုးဖိုကြီးနှင့် သမက်လောင်းများကြား အားပြိုင်ကြရာမှ ပေါ်ထွက်လာသော စိတ်ဝင်စားဖွယ် အိမ်ထောင်ရေးကိစ္စများကို ဟာသရောစွက်လျက် ဇာတ်ရှိန်၊ ဇာတ်မြူးဖြစ်စေရန် ဒါရိုက်တာက ရိုက်ကူးထားသည်။

ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဉ္ဇာဦးနှင့် နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံတစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

တရုတ်ကားသစ်ရုံတင်မည်

မြန်မာနှစ်ဆန်းတစ်ရက်၊ ဧပြီ ၁၇ ရက်တွင် နေပြည်တော်ရုံ တစ်ရုံတည်းတွင်သာ ဒါရိုက်တာ Zhang-Yimou ရိုက်ကူးပြီး နာမည်ကြီး သရုပ်ဆောင် မင်းသား ချောင်ယွန်ဖတ်နှင့် နာမည်ကျော် တရုတ်မင်းသမီး ဂေါင်လီတို့ ပါဝင်သည့် Curse of The Golden Flower တရုတ်မင်းသမိုင်းနောက်ခံ ဇာတ်ကားရုံတင်ပြသမည်ဖြစ်သည်။ (ကြေးမုံ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၇ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဒုတိယရဲမှူးကြီးခင်ထွန်းက ယနေ့ပွဲစဉ်တွင် အကောင်းဆုံးဘောလုံးသမားဆုရရှိသော ရန်ကုန်တိုင်းမှ မောင်ကောင်းစစ်နိုင်အားလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်အောင်က တတိယဆုရရှိသော စစ်ကိုင်းတိုင်းနှင့်ဒုတိယဆုရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့အား တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနော်တောင်က ပထမဆုရရှိသော ရန်ကုန်တိုင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်က အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အား အသန့်ရှင်းဆုံး ဆုဖလားနှင့် ငွေသားကျပ်ငါးသောင်းကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပြိုင်ပွဲတစ်လျှောက် နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မောင်ထွန်းမြင့်(ဂိုး)၊ မောင်နေဦးပိုင် (နောက်တန်း)၊ရန်ကုန်တိုင်းမှ မောင်ကောင်းဆက်ဦး(အလယ်တန်း)၊မောင်မောင်ဝင်း (ရှေ့တန်း)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရရှိသော မောင်ကောင်းဆက်ဦးတို့အား ဆုတံဆိပ်နှင့် ငွေသားကျပ်တစ်သောင်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က တတိယဆုရရှိသော စစ်ကိုင်းတိုင်းအား ငွေသားဆုကျပ်တစ်သိန်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အား ငွေသားဆုကျပ်နှစ်သိန်းနှင့် ပထမဆုရရှိသော ရန်ကုန်တိုင်းအား ဆုဖလားနှင့် ငွေသားဆုကျပ် သုံးသိန်းကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဆိုင်း ထုခတ်ခြင်း ပထမအသေးထုအဖြစ် ခြောက်ပေါင်တူဖြင့် နာရီဝက်ကြာ ထုခတ်မှုကို ကမ္ဘာလှည့်ခရီးသည်များ ကြည့်ရှု လေ့လာကြစဉ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုး စီးပွားတိုး

ရွှေမျက်ပါး(ရွှေဆိုင်း)ခတ်သည့် လုပ်ငန်းသည် မြန်မာ့သမိုင်းခေတ်အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ပြီး ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်ဆက် အသီးသီးမှ ယနေ့ထက်တိုင် ဆက်လက်ထွန်းကားနေဆဲဖြစ်သည်။

ရွှေမျက်ပါး(ရွှေဆိုင်း)ကို စေတီပုထိုးနှင့် ရုပ်ပွားတော်များ ရွှေချသပ္ပာယ်ခြင်း၊ ကျောင်းတော်များ၏ မျက်နှာကြက်၊ နံရံများနှင့်တိုင်လုံးများ ရွှေရေးခြယ်သခြင်း၊ မင်းခမ်းတော်များတွင် ခြယ်သအသုံးပြုခြင်း၊ မြန်မာ့တိုင်းရင်းပရဆေးအချို့တွင် ထည့်သွင်းဖော်စပ် အသုံးပြုခြင်းတို့အထိ အသုံးပြုနေကြသည်။

သတင်းဆောင်းပါး–ဇော်ဝင်း(ကြေးမုံ)နှင့် ဓာတ်ပုံမှတ်တမ်း–ငွေအောင်(ကြေးမုံ)တို့၏

ရိုးရာမပျက် ရှင်သန်ဖြစ်ထွန်းနေသည့် ရွှေမျက်ပါး(ရွှေဆိုင်း)လုပ်ငန်း

သတင်းဆောင်းပါး စာမျက်နှာ(၁၁)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ဇူလိုင်လအတွင်း ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

သတ္တုတွင်းဝန်ကြီးဌာနနှင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲပြပွဲ ဗဟိုကော်မတီတို့သည် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို ၂၀၀၇ ခုနှစ် ဇူလိုင်လအတွင်းကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် သင့်လျော်မည့် အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်ရာ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များသည် ရောင်းရငွေများတိုးတက်ရရှိမည်ဖြစ်သည်။ ရတနာကုန်သည်များသည် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများပြားသဖြင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့်အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ် တင်ပြရောင်းချရန် အထူးလိုအပ်သည်။

ကျောက်စိမ်း၊ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲပြပွဲ ဗဟိုကော်မတီသည် ယခင် ကျောက်မျက်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning) အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကိုသက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ အများအပြား တက်ရောက်ဝယ်ယူနိုင်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် နိုင်ငံသား ကျောက်မျက် လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၇ ခုနှစ် ဧပြီ ၂၃ရက်မှ ဇွန် ၁၅ ရက်အတွင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံ ရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ရာ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲပြပွဲ ဗဟိုကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

အေးချမ်းစည်ပင် မြန်ပြည်တစ်ခွင် ပျော်ရွှင်ဆင်နွှဲ ရေသဘင်ပွဲ

သင်္ကြန် ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာ အညွှန်း

- *ပျော်ရွှင်ကြည်နူး မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကို ကြိုဆို* (ခေါင်းကြီး) စာမျက်နှာ (၂)
- *"ထိုသင်္ကြန်ပွဲတော်များကိုမူ ပြည်ထောင်စုသားတို့၏သင်္ကြန်ဟု ညွှန်းဆိုရမည်သာ၊ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များ ရင်းနှီးချစ်ကြည်စွာ လာရောက်ဆုံစည်းကြသည်။ မိမိတို့ရိုးရာယဉ်ကျေးမှုများကို အသီးသီးဖလှယ်ခဲ့ကြသည်။ ထို့ထက် ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့များကို တောင်ပေါ်မြေပြန့် အနှံ့အပြားဆီသို့ သယ်ဆောင်သွားကြသည်။"*
  မြင့်စိုး(နတလ)၏ ***"ပြည်ထောင်စုသားတို့သင်္ကြန်"*** (ဆောင်းပါး) စာမျက်နှာ (၆)
- ဖိုးရန်နိုင်(ကျောက်ကြီး)၏ ***"ပိတောက်ဝါ မြန်မာ့ပန်း"*** (ကဗျာ) စာမျက်နှာ (၇)